# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၇၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ သံတမန်များအား ရှင်းလင်းပြောကြား



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ သံတမန်များအား ရှင်းလင်းပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၏ လက်ရှိပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ပတ်သက်၍ ရန်ကုန်မြို့ အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်တို့အား ရှင်းလင်းပြောကြားမှုအစီအစဉ်ကို ယနေ့တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ရှင်းလင်းပြောကြားမှုအစီအစဉ်သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

*စာမျက်နှာ ၄ ကော်လံ ၁* ❊

**ယနေ့ ဖတ် စ ရာ**

**တင့်တယ်ခမ်းနား ရုပ်ပွားတော် မြတ်ကြီးနှင့်အတူ အေးချမ်းပါစေ ဗုဒ္ဓမြေ**

ဆောင်းပါး | စာ ၁၀

**ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ**

ပြည်တွင်းသတင်း | စာ ၁၄




# ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း၊ ကာကွယ်စောင့်ရှောက်

နိုင်ငံသားတိုင်းသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရာတွင် နိုင်ငံတော်အား ကူညီရန် တာဝန်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ အမှတ်အသားသရုပ်လက္ခဏာများနှင့် သမိုင်းဆိုင်ရာ အထိမ်းအမှတ်များပါဝင်ကာ အတိတ်ခေတ်များမှသည် မျက်မှောက်ကာလအထိ တည်ရှိနေသော ဒြပ်ရှိ ဒြပ်မဲ့အရာများပင်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် မိမိတို့ကိုယ်ပိုင် ဒြပ်ရှိ ဒြပ်မဲ့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ အသီးသီးပိုင်ဆိုင်ကြပြီး မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မှုများ၊ သုတေသနပြုရှာဖွေဖော်ထုတ်မှုများကို အလေးအနက်ဆောင်ရွက်လျက်ရှိကြသည်။ မိမိတို့ မြန်မာနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းနှင့်အတူ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များလည်း ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။

ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များဆိုသည်မှာ ကိုင်တွယ်ထိတွေ့နိုင်သည့် ရုပ်ဝတ္ထုများဖြစ်ပြီး ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များမှာမူ ဘာသာစကား၊ အစဉ်အလာပြောကြားသည့် စကားပုံ၊ စကားထာ၊ ပုံဝတ္ထုများ၊ အဆို အက ဂီတနှင့် ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ လူမှုရေး ဘာသာရေး ထုံးဓလေ့များ၊ ရိုးရာပွဲတော်၊ ရိုးရာအားကစား၊ ရိုးရာလက်မှုအတတ်ပညာများ၊ စကြဝဠာဆိုင်ရာ အသိပညာနှင့်ထုံးစံများ၊ ဆေးဝါးကုသမှု အတတ်ပညာများ စသည်တို့ပါဝင်သည်။ မိမိတို့နိုင်ငံတွင် အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီက မှတ်တမ်းတင်အတည်ပြုထားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၈၉ ခုရှိသည်။ ယင်းတို့အနက်မှ “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့” နှင့် “မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်” တို့ကို ကမ္ဘာ့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့တင်သွင်းရာတွင် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီရန် လိုအပ်သည့်အလျောက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ရှင်သန်ခိုင်မာရေး၊ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ရေးတို့က အရေးပါလျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ဇူလိုင် ၆ ရက်ကကျင်းပရာတွင် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းကြသလို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ပိုမိုတိုးတက်မှတ်တမ်းတင်နိုင်ရေး၊ မိမိနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အခြားနိုင်ငံများက ပုံတူကူးယူခံရမှုမှ ကာကွယ်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုကြောင်း မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌက တိုက်တွန်းပြောကြားခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ တိုင်းရင်းသားလူမျိုးအသီးသီးတို့တွင် ပျံ့နှံ့တည်ရှိနေပြီး သုတေသနပြုဖော်ထုတ်မှတ်တမ်းတင်ရန် ကျန်ရှိနေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေရာတွင်လည်းကောင်း၊ မိမိတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာတွင်လည်းကောင်း၊ ကိုယ့်ယဉ်ကျေးမှုကို အခြားနိုင်ငံများက ၎င်းတို့၏ ယဉ်ကျေးမှုအဖြစ် ပုံတူကူးမှုများကို ကာကွယ်ရာတွင်လည်းကောင်း ဒေသခံတိုင်းရင်းသားပြည်သူများအပါအဝင် တစ်မျိုးသားလုံးက ပါဝင်ဆောင်ရွက်ကြရန်လိုသည်။

အထူးသဖြင့် မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်မှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သို့ စာရင်းဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် “မြန်မာ့သနပ်ခါးယဉ်ကျေးမှု” နှင့် “မြန်မာ့ရိုးရာမဟာသင်္ကြန်ယဉ်ကျေးမှု” တို့၏ ကောင်းမွန်သော ဝိသေသလက္ခဏာများနှင့် မြတ်နိုးဖွယ်ရာ အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရေး၊ လက်ဆင့်ကမ်းရှင်သန်နေသည့် ဂုဏ်ဒြပ်မြင့်မားသော ဒြပ်မဲ့ယဉ်ကျေးမှုများအဖြစ် ကမ္ဘာက လက်ခံလာရေးတို့တွင် မူလပိုင်ရှင်ဖြစ်သော မြန်မာ့လူ့ဘောင်အသိုက်အဝန်းနှင့် ပစ္စုပ္ပန်မျိုးဆက်တို့၏ တာဝန်ဖြစ်သည့်အလျောက် မိမိတို့၏ အမျိုးသားရေးတာဝန်များကို ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတင်းစဉ်

## စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သာသနိက အဆောက်အဦများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း၊ ပညာလင်္ကာရဘုန်းတော်ကြီးကျောင်း၊ အဘယရက္ခိတဘုန်းတော်ကြီးကျောင်းနှင့် အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းများရှိ သာသနိကအဆောက်အဦများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန်ကျန်ရှိသည့် အဆောက်အဦများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## (၅)ကြိမ်မြောက် အာရှ-ဥရောပဖောင်ဒေးရှင်း၏ လူငယ်ခေါင်းဆောင်များ တွေ့ဆုံပွဲ (5th ASEF Young Leaders Summit - ASEFYLS5) ပါဝင်လျှောက်ထားနိုင်

(၅)ကြိမ်မြောက် အာရှ-ဥရောပဖောင်ဒေးရှင်း၏ လူငယ်ခေါင်းဆောင်များ တွေ့ဆုံပွဲ (5th ASEF Young Leaders Summit – ASEFYLS5) ကို **“လူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှုပညာ”** ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအထိ Virtual စနစ်ဖြင့်လည်းကောင်း၊ စပိန်နိုင်ငံ Salamanca မြို့တွင်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံမှ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်းရှိ ရပ်ရွာဒေသတွင်း ခေါင်းဆောင်မှုအတွေ့အကြုံရှိပြီး အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုရေးသားနိုင်သည့် လူငယ်ကိုယ်စားလှယ်များ ပါဝင်လျှောက်ထားနိုင်ပါသည်။

အဆိုပါတွေ့ဆုံပွဲအား လူငယ်များအတွက် ဦးဆောင်မှုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ၎င်းတို့အချင်းချင်းအကြား သင်ယူနိုင်ရန်၊ အာရှ-ဥရောပနိုင်ငံများမှ လူငယ်များအချင်းချင်း အကြား ၎င်းတို့၏သက်ဆိုင်ရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အပြန်အလှန်မျှဝေ၍ နားလည်သဘောပေါက်လာစေရန်နှင့် အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်မှုများ၏ အခြေခံအုတ်မြစ်များကို တည်ဆောက်နိုင်ရန် ရည်ရွယ်၍ အပိုင်း (၃)ပိုင်းဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး (၄.၈.၂၀၂၃)ရက်နေ့မှ (၂၈.၈.၂၀၂၃) ရက်နေ့အထိ ခေါင်းဆောင်မှုပညာနှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတများ မြှင့်တင်ဆောင်ရွက်ခြင်းခေါင်းစဉ်အား Virtual စနစ်ဖြင့်လည်းကောင်း၊(၁၂.၉.၂၀၂၃) ရက်နေ့မှ (၁၆.၉.၂၀၂၃) ရက်နေ့အထိ လူငယ်တွေ့ဆုံပွဲအား စပိန်နိုင်ငံ Salamanca မြို့တွင်လည်းကောင်း၊ (၁၈.၉.၂၀၂၃) ရက်နေ့မှ (၅.၁၂.၂၀၂၃)ရက်နေ့အထိ လက်တွေ့ဘဝတွင် ရင်ဆိုင်နေရသည့် ခေါင်းဆောင်မှုပညာဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ခြင်းခေါင်းစဉ်အား Virtual စနစ်ဖြင့်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ပါဝင်လျှောက်ထားလိုသည့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် (၉.၇.၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ https://asef.org/news/how-can-youth-lead-for-the-next-stage-of-society-society-5-0-open-call-for-participants-for-the-5th-asef-young-leaders-summit-asefyls5/ သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက asefyls@asef.org သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။ **လူငယ်ရေးရာဦးစီးဌာန**

## မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ၊ သစ်နှင့်ထောက်ပံ့ပစ္စည်းများပေးအပ်

ပလက်ဝ ဇူလိုင် ၆

ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ ကျေးရွာများမှ မိုခါမုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ၊ သစ်နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကီမိုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပလက်ဝမြို့နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ် နေဝင်းအောင်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ထွန်းဝေ၊ ခရိုင် လ.ဝ.က ဦးစီးမှူး ဦးဝင်းနိုင်၊ ခရိုင်ပညာရေးမှူး ဦးဝင်းအောင်နှင့် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သက်ဝေခိုင်ဦးတို့က ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာများမှ မိုခါမုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သည့် အိမ်ထောင်စု ၁၃၃ စုအတွက် သစ် ၁၀ ဒသမ ၇ တန်၊ ခေါက်ဆွဲခြောက် ၃၉၉ ဖာ



နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ လူတစ်ဦးတစ်ပတ်စာဖြင့် အိမ်ထောင်စု ၁၃၃ စုအတွက် ထောက်ပံ့ငွေ ၁၃၁၃၄၈၀၀ ကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လားရှိုးမြို့တွင် ဇီဝဆိုင်ရာအချက်အလက် စာရင်းကောက်ယူခြင်းများ စတင်ဆောင်ရွက်

လားရှိုး ဇူလိုင် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည်။

ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူရာသို့ လားရှိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယပြည်နယ် ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းအောင်နှင့် ဝန်ထမ်းများက အချက်အလက်ကောက်ယူခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ လားရှိုးမြို့တွင် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို ဦးတည်အုပ်စုသတ်မှတ်အစီအစဉ်များအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးတက်ရောက်



**နေပြည်တော်  ဇူလိုင် ၆**

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီဝင်ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပေးပို့ခဲ့

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မိမိတို့နိုင်ငံ၏ ဒြပ်ရှိ/ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း၊ အစောဆုံးမြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့် ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုးနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီး မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်စေရေးအတွက် Nomination Dossier (Complete) ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ထောင်ပေါင်းများစွာသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအနက် မြန်မာနိုင်ငံ၏ ပထမဆုံးဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို UNESCO သို့ ၂၀၂၀ ပြည့်နှစ်က တင်ပြခဲ့သော်လည်း ပြန်လည်ပြည့်စုံအောင်ရေးသွင်းရမည့် အချက်အလက်အချို့ လိုအပ်နေကြောင်း အကြောင်းကြားလာသည့်အတွက် ပြန်လည်ရေးသားလျက်ရှိပါကြောင်း။

### ခေတ်နှင့်ညီအောင် ပြင်ဆင်ဖြည့်စွက် ရေးဆွဲထုတ်ပြန်

မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော်ကိုလည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် အဆိုပြုစာတွဲကို ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် UNESCO သို့ ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက စာရင်းကောက်ယူမှတ်တမ်းတင်ထားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၂၈၉ ခုကိုလည်း မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မှတ်ပုံတင်စာရင်း (ပထမအကြိမ်) အဖြစ် ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ ဖြင့် သတ်မှတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ခေတ်နှင့်ညီအောင် ပြင်ဆင်ဖြည့်စွက် ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း။

အများပြည်သူ အသိပညာ ဗဟုသုတပွားများစေရန်အတွက် အကြောင်းအရာစုံ၊ ကဏ္ဍစုံပြသနိုင်မည့် ပုဂ္ဂလိကပြတိုက်များ စနစ်တကျပေါ်ထွက်လာစေရန်နှင့် ပြတိုက်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အတွက် မြန်မာနိုင်ငံပြတိုက်များ ဥပဒေကြမ်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးဥပဒေ (မူကြမ်း)တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အရေးပါသည့်ဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်ရေးသက်ဆိုင်ရာဌာနများမှ ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

အဆိုပါဥပဒေများကို ပြဋ္ဌာန်းခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေနှင့်အညီ ပိုမိုထိန်းသိမ်းစောင့်ရှောက်လာနိုင်ပြီး ပြည်သူတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီဖော်ဆောင်လာနိုင်မည်ဖြစ်သလို ထုတ်ပြန်ခဲ့သည့်ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထုအကြား ချပြရှင်းလင်းအသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကို က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းတိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်အတွင်းရှိ ဒြပ်ရှိ/ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အပံ့ဖြစ်စေရန် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုသည့်ပြတိုက်များ ပေါ်ပေါက်လာရေး၊ မြန်မာနိုင်ငံအနှံ့အပြား ပုဂ္ဂလိကပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေး၊ မြန်မာနိုင်ငံပြတိုက်များဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းနိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့ က မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီ၏ တွဲဖက်အတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အမှာစာများကို ရှင်းလင်းတင်ပြသည်။

### လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ဒြပ်ရှိဒြပ်မဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက တင်ပြလာသည့် အမှာစာများကို ဆက်လက်တင်ပြရန်ကိစ္စရပ်များနှင့် ကော်မတီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကို အတည်ပြုသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းကြသလို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ပိုမိုတိုးတက်မှတ်တမ်းတင်နိုင်ရေး၊ မိမိနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အခြားနိုင်ငံများက ပုံတူကူးယူခံရမှုမှကာကွယ်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ အကြံပြုဆွေးနွေးချက်များနှင့် လိုအပ်ချက်များကို ကဏ္ဍအသီးသီးအလိုက် ဆက်လက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဆောင်ရွက်ပြီးစီးခဲ့သည့် အောင်မြင်မှုအားလုံးကိုလည်း ဗဟိုကော်မတီအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်း အမြန်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ပေးကြရန်နှင့် မြန်မာနိုင်ငံရှိ ဒြပ်ရှိ/ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းပြည်နှင့်လူမျိုးအတွက် ရှာဖွေဖော်ထုတ်သုတေသနပြုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အားလုံးတက်ညီလက်ညီ စိတ်အား၊ လူအားရှိသမျှ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

---

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ China-ASEAN Forum on Emerging Industry သို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



**နေပြည်တော်  ဇူလိုင် ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနက ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့၌ ဇူလိုင် ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် China–ASEAN Forum on Emerging Industry သို့ တက်ရောက်ပြီး ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။ (ဝဲပုံ)

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူး Mr.Ouyang Daobing နှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော်  ဇူလိုင် ၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(ယာပုံ)**

**ဆက်လက်ကျင်းပ**

ယင်းနောက် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ဒုတိယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ဗညား လယ်နှင့် နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။



**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပမည့် ရည်ရွယ်ချက်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် ယခင်ဆွေးနွေးပွဲများမှရရှိသည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပြန်လည်စုစည်း၍ သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ဆက်လက်၍ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ် အမှာစကားပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာ၊ တိုင်းရင်းသားရေးရာစာအုပ်များနှင့်လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❊ *ရှေ့ဖုံးမှ*

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများ၊ အဆင့်မြင့်သံတမန်များနှင့် ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်တို့ ပါဝင်တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးအပါအဝင် ဒီမိုကရေစီဖော်ဆောင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရွေးကောက်ပွဲမသမာမှုနှင့် ဆက်စပ်သည့် မတည်ငြိမ်မှုများ၊ ဆိုင်ကလုန်းမုန်တိုင်း မိုခါကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် ပထဝီဝင်နိုင်ငံရေးအရ သက်ရောက်မှုများနှင့် သတင်းမီဒီယာစစ်ပွဲဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်း၊ ငြိမ်းချမ်း၍ အများပါဝင်နိုင်သော နိုင်ငံရေးလုပ်ငန်းစဉ်ဖော်ဆောင်ခြင်းတို့ဖြင့် ကြိုးပမ်းလျက်ရှိသည်ကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် အာဆီယံတူညီဆန္ဒ(၅)ချက် ဖော်ဆောင်ရာတွင် အရေးကြီးဆုံးအချက်များဖြစ်သည့် အကြမ်းဖက်မှုများ ရပ်တန့်ရေး၊ အားလုံးပါဝင်သည့် ဆွေးနွေးပွဲများ ကျင်းပရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးအပ်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

**အကြိမ် ၅၀၀၀ ကျော် ကျင်းပ**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အကြိမ် ၅၀၀၀ ကျော် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲမှု စတင်ခဲ့သည်မှာ ၃၃ နှစ်တိုင်ရှိပြီး အပြီးသတ်ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရအဆက်ဆက်မှ ကြိုးပမ်းအားထုတ်ခဲ့ကြောင်းတို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အရ စတင်တိုက်ခိုက်မှုမပြုခြင်း၊ ပြည်သူများအား အကာအကွယ်ပေးရန် ထိန်းထိန်းသိမ်းသိမ်းနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဂျီနီဗာကွန်ဗင်းရှင်းပါ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်များကိုလည်း အသိပေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက PDF အကြမ်းဖက်များ၏ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ၅၉၃၈ (အရပ်သား ၄၈၇၈ ဦးနှင့် အစိုးရဝန်ထမ်း ၁၀၆၀ ) ကျော် ထိခိုက်သေဆုံးခဲ့ခြင်း၊ PDF များ၏ အဖျက်အမှောင့်လုပ်ငန်းများကျူးလွန်မှုများ၊ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များအား အဟန့်အတားဖြစ်အောင် လုပ်ဆောင်နေမှုများ၊ ၎င်းတို့၏ဥပဒေပြင်ပလုပ်ရပ်များမှ ပြည်သူများအားကာကွယ်ရန် အစိုးရအနေဖြင့် PDF အကြမ်းဖက်သမားများကို တုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အသိပေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများအကြား ငြိမ်းချမ်းရေးနှင့် သဟဇာတရှိစေရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်မှုအခြေအနေများနှင့် နိုင်ငံသားစိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ စတင်နိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် မိုခါဆိုင်ကလုန်းဘေးဒဏ် ထိခိုက်ခံစားခဲ့ရသည့် ဒေသများနှင့် ပြည်သူများအား ကူညီကယ်ဆယ်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ရှင်းလင်းပြောကြားသည်။

**သိရှိလိုသည်များကို မေးမြန်း**

ထို့နောက် အမေးအဖြေကဏ္ဍတွင် တက်ရောက်လာသည့် သံတမန်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ရှင်းလင်းပြောကြားမှုအပြီး တက်ရောက်သူများက ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များကို ကြည့်ရှုကြကြောင်း သိရသည်။ **သတင်းစဉ်**

---

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇူလိုင် ၆**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ဘူးသီးတောင်မြို့ရှိ နယ်မြေခံရဲတပ်ဖွဲ့ခွဲ ခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ စစ်သည်/ စစ်သမီးများက အဆို/အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ ဘူးသီးတောင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/စစ်သမီးများအား တာဝန်ရှိသူများက ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဖျာပုံမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရာသီတွင် ဘေးကြားတောင်ပျံခေါင်နှံ့စနစ်ဖြင့် ပျိုးပွား၊ ပျိုးသန့် ထုတ်လုပ်နိုင်ရေး ကွင်းသရုပ်ပြခြင်းကို ဇူလိုင် ၅ ရက်က နောင်တော်ကြီးကျေးရွာရှိ တောင်သူ ဦးဇော်လှိုင်ထွန်း၏ လယ်မြေနှစ်ဧက၌ ပြုလုပ်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းဦး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများနှင့် တောင်သူများက ကွင်းသရုပ်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။ ခရိုင်(ပြန်/ဆက်)

---

# အင်းတော်မြို့နယ် စင်းဟောက်ချောင်းကူးတံတား မကြာမီဖွင့်လှစ်တော့မည်

**စစ်ကိုင်း ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စင်းဟောက်ကျေးရွာအနီးရှိ စင်းဟောက်ချောင်းကူးတံတား မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါချောင်းကူးတံတားသည် အရှည် ပေ ၂၀၀၊ အကျယ် ၂၄ ပေဖြစ်ပြီး သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ကြောင်း သိရသည်။ အဆိုပါချောင်းကူးတံတားသည် ရွှေဘို - မြစ်ကြီးနားသွား မဟာဗျူဟာလမ်းမကြီးပေါ်၌ တည်ရှိနေပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များ နေ့စဉ်ဖြတ်သန်းသွားလာနေရသော ချောင်းကူးတံတား တစ်စင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီး မိုးမကျမီ အမြန်ပြီးစီးနိုင်ရေးအတွက် ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်၏ ညွှန်ကြားချက်အရ အင်းတော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့်အဖွဲ့က ကြီးကြပ်၍ တံတားဆောက်လုပ်ရေးတာဝန်ခံ AE ဦးမြင့်ဆန်းလှိုင်နှင့်အဖွဲ့က တာဝန်ယူဆောက်လုပ်ခဲ့ရာ တံတားကြီးမှာ လုံးဝပြီးစီးသွားပြီဖြစ်သဖြင့် မကြာမီ ဖွင့်ပွဲပြုလုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကြီး၏ ကုန်ကျစရိတ်မှာ ငွေကျပ်သန်း ၁၂၀၀ ဖြစ်ပြီး ထိုကုန်ကျငွေကို လမ်း၊ တံတား ပြည်ထောင်စုရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ ( ၁ / ၂၀၂၃ ) အစည်းအဝေးတက်ရောက်

**နေပြည်တော် ဇူလိုင် ၆**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ ( ၁ / ၂၀၂၃ ) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ပြည်တွင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညောင်ဦးခရိုင်နှင့် ပခုက္ကူခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံတကာက အထူးစိတ်ဝင်စားသော ယဉ်ကျေးမှုနယ်မြေဖြစ်**

ရှေးဦးစွာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသည် နှစ်ပေါင်းထောင်ကျော်က ရှေးဟောင်းအဆောက်အအုံများကို တစ်စုတစ်ဝေးတည်း တစ်နေရာတည်းမှာ တွေ့နိုင်သော တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့နှလုံးသား အမွေအနှစ်ယဉ်ကျေးမှုဒေသဖြစ်သောကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ထိုက်တန်စွာ ရရှိထားသောဒေသဖြစ်ပြီး နိုင်ငံတကာက အထူးစိတ်ဝင်စားသော ယဉ်ကျေးမှုနယ်မြေဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ စေတီပုထိုးများ အနက် ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ပြီး ပျက်စီးမှုများကို ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရန် စနစ်တကျပြုပြင်နိုင်ရန်အတွက် “ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံ ညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ” ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် ဖွဲ့စည်းခဲ့သလို အဖွဲ့ဝင်လေးဦးပါဝင်သော အကြံပေးအဖွဲ့ (Advisory Team)၊ အဖွဲ့ဝင် ၂၃ ဦး ပါဝင်သော ပညာရှင်အဖွဲ့(Technical Expert Team–TET)နှင့် အဖွဲ့ဝင် ၁၃ ဦး ပါဝင်သည့် ပုဂံဒေသ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan International Coordination Committee–BICC) တို့လို အဖွဲ့အစည်းများကိုပါ ဖွဲ့စည်းခဲ့ပါကြောင်း။

ဦးစီးကော်မတီ၏ ကြီးကြပ်မှုနှင့် လုပ်ငန်းများဆောင်ရွက်ခဲ့သည်မှာ ပဥ္စမအကြိမ် အစည်းအဝေးကျင်းပပြီးသည် အထိဖြစ်ပြီး ပြီးခဲ့သည့်အစည်းအဝေးငါးခုတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ပေါင်း (၅၁) ချက်ရှိပါကြောင်း၊ ပဥ္စမအကြိမ် အစည်းအဝေး၏ဆုံးဖြတ်ချက်အရ ဦးစီးကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက “ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီ” အဖြစ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောင်းလဲဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် အစည်းအဝေးမှာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ ပထမအကြိမ်ပြုလုပ်သည့် (၁/၂၀၂၃) အစည်းအဝေးဖြစ်ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် UNESCO အဖွဲ့အစည်းအပါအဝင် ပြည်တွင်း/ပြည်ပ ရှေးဟောင်းသုတေသနဆိုင်ရာ ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်အသင်းနှင့် နည်းပညာတက္ကသိုလ်များစသည့် ပညာရှင် အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့များ ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်ခဲ့မှုဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားပုထိုး ၃၈၉ ဆူအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ (၉)နှစ် စီမံကိန်းဖြင့် ပြင်ဆင်ရန်စီမံဆောင်ရွက်နေသည့် သဗ္ဗညုဘုရားကြီးမှလွဲ၍ ကျန်ဘုရားအားလုံးကို ပထမအဆင့် ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ပြီးသောကြောင့် ရာနှုန်းပြည့်ပြီးစီးသည်ဟု ပြောရမည်ဖြစ်ကြောင်း။

**ဘုရား ၄၉၉ ဆူ ထိန်းသိမ်းပြုပြင်ပြီး**

စီမံကိန်းဆောင်ရွက်ခဲ့သည့် လေးနှစ်တာအတွင်း ငလျင်ကြောင့်ထိခိုက်ခဲ့သော ဘုရားပုထိုးများသာမက သဘာဝဘေးဒဏ်ကြောင့် ပြုပြင်ရန်လိုအပ်သော နောက်ထပ်ဘုရား အဆူ ၁၁၀ ကိုလည်း ဆောင်ရွက်ပြီးခဲ့သောကြောင့် စုစုပေါင်း ဘုရား ၄၉၉ ဆူ ထိန်းသိမ်းပြုပြင်ပြီးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၆ ခုနှစ် ငလျင်လှုပ်ခတ်ပြီးနောက် ထိန်းသိမ်းရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ ဆက်စပ်ဌာနများ၊ အနယ်နယ်အရပ်ရပ်က လာရောက်ကူညီဆောင်ရွက်ခဲ့ကြသည့် ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံများ၊ ဒေသတွင်းမှ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လေးနှစ်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် ၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းကြောင့် ပုဂံဒေသတွင် သုံးရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မိုးရေချိန် ၁၅ ဒသမ ၇၅ လက်မအထိ ရှိခဲ့ပါကြောင်း၊ စူဠာမဏိဘုရား၊ ဓမ္မရံကြီးဘုရား အပါအဝင် ဘုရား ၁၅ ဆူ၏ ပရိဝုဏ်ထဲ၌ ရေဝင်ရောက်ခဲ့ခြင်း၊ ဘုရားရှစ်ဆူ၏ အစိတ်အပိုင်းအချို့ ထိခိုက်ပျက်စီးမှုဖြစ်ခြင်း၊ ရှေးဟောင်းအဆောက်အအုံ စေတီပုထိုး ၄၅ ဆူ အနည်းငယ် ထိခိုက်ပျက်စီးမှုဖြစ်ခြင်းတို့ကို ထပ်မံတွေ့ရ၍ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ တာဝန်ရှိသည့်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**ထိခိုက်ပျက်စီးမှု ရှစ်ဆူမှာ ခုနစ်ဆူအား ပြုပြင်ထိန်းသိမ်းပြီးစီး**

ထိခိုက်ပျက်စီးမှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ခဲ့ရာတွင် ထိခိုက်ပျက်စီးမှု ရှစ်ဆူမှာ ခုနစ်ဆူအား ပြုပြင်ထိန်းသိမ်းပြီးစီးခဲ့ပြီး သဗ္ဗညုဘုရား တံတိုင်းအနည်းငယ် ပျက်စီးမှုမှာ တရုတ်ပညာရှင်အဖွဲ့က ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ထပ်မံတွေ့ရှိရသည့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့သော ၄၅ အနက်မှ သုံးဆူပြုပြင်ပြီးစီးပြီး ကျန် ၄၂ ဆူကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပရိဝုဏ်အတွင်း ရေဝင်ရောက်ခဲ့သည့် ဘုရား ၁၅ ဆူအနက် စူဠာမဏိဘုရားပရိဝုဏ်မှာ ရေဝင်ရောက်မှု အများဆုံးဖြစ်ခဲ့သည့်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အတိုင်း ဘုရား ပရိဝုဏ်အတွင်း မြေမျက်နှာပြင် အနိမ့်အမြင့် တိုင်းတာမြေညှိခြင်း၊ ရေထွက်ပေါက် အပေါက်များ ရှာဖွေပြုပြင်ခြင်း၊ လိုအပ်မည့်နေရာများတွင် မူလပုံစံမပျက်စေဘဲ အသစ်ထပ်မံဖောက်လုပ်စေခြင်းတို့ ဆောင်ရွက်ခဲ့ရာ အားလုံးပြီးစီးပြီဖြစ်ပါကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပူးပေါင်းပါဝင်ကြသူများ အားလုံးကို နိုင်ငံတော်ကိုယ်စား မှတ်တမ်းတင်ပါကြောင်း။

ပုဂံဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ ကြိုတင်မျှော်မှန်းပြီး နှစ်အလိုက် အဆင့်ဆင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်သွားရန် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ နည်းပညာအကူအညီနှင့် အကြံဉာဏ်များ ရယူခဲ့သည့်အပြင် အသုံးပြုသည့် ပစ္စည်းများကိုလည်း ရှေးဟောင်းအမွေအနှစ်နှင့် ကိုက်ညီပြီး စံချိန်စံညွှန်း ပြည့်မီသော ပစ္စည်းများဖြစ်ရန်အတွက် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများက အကူအညီပေးရန် ပြည်တွင်း/ ပြည်ပ ပညာရှင်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအားလုံး စဉ်ဆက်မပြတ် ညှိနှိုင်းတိုင်ပင်ပြီး စည်းစည်းလုံးလုံးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများအတွက် ပြည်တွင်း/ပြည်ပက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသော အလှူငွေများလက်ခံရရှိခဲ့သဖြင့် စိစစ်ကြီးကြပ်မှု၊ စစ်ဆေးမှုနှင့် စနစ်တကျ အကျိုးရှိရှိ သုံးစွဲပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ဆက်လက်ထိန်းသိမ်းစီမံခန့်ခွဲနိုင်ရန်အတွက် နှစ်ကာလအလိုက် စီမံချက်များ ချမှတ်ဆောင်ရွက်ပြီး လိုအပ်သလို ကျန်ရှိသည့် အလှူငွေများကိုလည်း ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများက စနစ်တကျ ကြီးကြပ်စီမံခန့်ခွဲကြရန် လိုအပ်ပါကြောင်း။

ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သောကြောင့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ပြည်တွင်း/ ပြည်ပ ပညာရှင်များနှင့် ဖွဲ့စည်းထားသော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ အကြံပြုချက်များ၊ နိုင်ငံတကာတွင် လက်ခံအသုံးပြုနေသော ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းထားရှိမှု ရှင်းလင်းတင်ပြ**

ထို့နောက် ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မန္တလေးတိုင်းဒေသကြီး၊ ပုဂံ–ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောက်ရွက်ဆဲအခြေအနေ၊ အလှူခံရရှိသည့်အလှူငွေများ ထိန်းသိမ်းထားရှိမှုနှင့် သုံးစွဲမှုအခြေအနေ၊ မိုခါမုန်တိုင်းရိုက်ခတ်မှုကြောင့် မိုးရွာသွန်းမှုများပြားပြီး ရေဝင်ရောက်မှု၊ ပျက်စီးမှုအချို့ သက်ရောက်ခဲ့သည့် ဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိန်းရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဦးစီးကော်မတီတွဲဖက်အတွင်းရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် အမှာစာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးကိစ္စရပ်များနှင့် *စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

စပ်လျဉ်း၍ ဆွေးနွေးအကြံပြု တင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက တင်ပြလာသည့်အမှာစာများကို ဆက်လက်တင်ပြရန်ကိစ္စရပ်များနှင့် ကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန် ကိစ္စရပ်များကို အတည်ပြုသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ငလျင်ဖြစ်ပြီးသည့် လေးနှစ်အတွင်းမှာ ဦးစီးကော်မတီအစည်းအဝေး (၅)ကြိမ်၊ ပညာရှင်အဖွဲ့ (Technical Expert Team-TET) အစည်းအဝေးကို (၂၄) ကြိမ် ကျင်းပပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၆ ခုနှစ် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံနှင့် စေတီပုထိုး ၃၈၉ ဆူအနက် သဗ္ဗညုဘုရားကြီးသည် ကြံ့ခိုင်မှုအနေဖြင့် တရုတ်ပညာရှင်အဖွဲ့က ကနဦးဆောင်ရွက်ထားသည့် အခြေအနေအတိုင်း ထူးခြားမှုမရှိသည်ကို သိရှိရပါကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆွေးနွေး**

၂၀၂၃ ခုနှစ် မတ်လမှ စတင်၍ တရုတ်ပညာရှင်အဖွဲ့ရောက်ရှိနေခဲ့ပြီး လိုအပ်သည့် ဆောင်ရွက်ချက်များ ပြုလုပ်လျက်ရှိသည့်အတွက် မကြာမီကာလတွင် သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်မည်ဟု သိရှိရပါကြောင်း၊ အနာဂတ်ကာလ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် နိုင်ငံတော်အဆင့်အနေဖြင့် ဆက်လက်ညှိနှိုင်းစီမံပေးသွားမည်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ယခုကဲ့သို့ပင် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးစစ်ဆေးအကြံပြုဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံသည့် လုပ်ငန်းနှင့် မိုးခါမုန်တိုင်းဒဏ်ကြောင့် ဘုရားပုထိုးစေတီများ ရေဝင်ရောက်မှုနှင့် ထိခိုက်ပျက်စီးမှုများကို ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဦးစီးကော်မတီဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ပညာရှင်အဖွဲ့မှပညာရှင်များ၊ ပူးပေါင်းပါဝင်ခဲ့သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ ရှေးဟောင်းအဆောက်အအုံများ ရေရှည်ဆက်ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းများတွင်လည်း ဆက်လက်ပူးပေါင်းပါဝင်ကူညီပေးကြရန် ပြောကြားသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်ဥက္ကဋ္ဌ အိမ်တော်သွားရာလမ်း လက်ဝဲဘက်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက ကျွန်းပင်များနှင့် ယမနေပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။ (ဓါတ်ပုံ)

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အရာထမ်း၊ အမှုထမ်းများစုပေါင်း၍ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၃၀ နှင့် ယမနေပင် ၂၀၀ စုစုပေါင်းအပင် ၄၃၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာသံရုံး ယာယီတာဝန်ခံ၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးနှင့် ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကာတာသံရုံးယာယီတာဝန်ခံ မစ္စတာ ရာရှစ် အက်ဘ်ဒူလာ အမ်.အေ. အယ်လ် - ကူဝါရီ ကို ယနေ့ နံနက် ၉ နာရီတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆာအု(ဒ်) ဘင် အဗ္ဗဒူ(လ်)လာ အယ်လ်စုဘိုင်ကို နံနက် ၁၁ နာရီတွင်လည်းကောင်း **(ယာပုံ)**၊ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး မစ္စတာ ရာမနသန် ဘာလာခရှစ်နန်ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ကာတာသံရုံး ယာယီတာဝန်ခံနှင့်တွေ့ဆုံစဉ် မြန်မာ - ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတိုးတက်ခိုင်မာရေး၊ မြန်မာ့လယ်ယာနှင့် ရေထွက်ထုတ်ကုန်များ တင်ပို့သွားရေး၊ နှစ်နိုင်ငံအကြား စွမ်းအင်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး တိုးမြှင့်သွားရေးတို့ကို ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာနှင့် ကာတာနိုင်ငံတို့အကြား လေကြောင်းလိုင်းများ ပြန်လည်ပျံသန်းပြေးဆွဲသွားရေးနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်ရန်အတွက် နားလည်မှု စာချွန်လွှာများ၊ သဘောတူစာချုပ်များ ရေးထိုးသွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်မှု ချိတ်ဆက်ရေးနှင့် နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမှုတို့ အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေး၊ ဆိုင်ကလုန်းမိုခါဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင်အိန္ဒိယနိုင်ငံမှ ဆက်လက်အကူအညီပေးသွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆော်ဒီ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆက်ဆံရေး တိုးတက်ခိုင်မာရေး၊ မြန်မာနိုင်ငံမှ လယ်ယာနှင့် ရေထွက်ကုန်များကို ဆော်ဒီအာရေဗျနိုင်ငံသို့ တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရှာဖွေရေး၊ စွမ်းအင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး၊ အလုပ်သမားရေးရာ၊ ယဉ်ကျေးမှု၊ ပညာရေး စသည့်ကဏ္ဍများ အပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။





ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် လက်အောက်ခံ အဖွဲ့အစည်းများက မိုခါမုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် အဆင်ပြေချောမွေ့ရေး၊ ထိရောက်မှုရှိစေရေးတို့အတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။ (ဓါတ်ပုံ) **သတင်းစဉ်**

## တောင်သာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

**တောင်သာ ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် တလိုင်းရပ် (ရွာသစ်) ကျေးရွာနှင့် ထန်းတောကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဆောင်ရွက်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက တလိုင်းရပ်(ရွာသစ်) ကျေးရွာ အ-ထ-က ညှော်ရိပ်သာဝင်းအတွင်း၌ ကျင်းဆင်းဆောင်ရွက်သည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို ဖွဲ့စည်းပေးသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ စီမံကိန်း ဆောင်ရွက်ခွင့်ရရှိသဖြင့် ယင်းကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၃၃၂ အိမ်၊ လူဦးရေ ၁၅၆၉ ဦးအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ ကိုယ်ပွား)**

နိုင်ငံသာယာဝပြောဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

# အထွက်နှုန်းအလွန်ကောင်းသော မျိုးစပါးများကို ယုံယုံကြည်ကြည်ဖြင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးကြစေလို၊ လိုအပ်သောနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးပေးမည်

**စစ်တွေ ဇူလိုင် ၆**

ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီး များ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက စစ်တွေမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များမှ မိုခါ မုန်တိုင်းဘေးသင့် တောင်သူများ အား မျိုးစပါးနှင့် ဟင်းသီး ဟင်းရွက်မျိုးစေ့များ ထောက်ပံ့ ပေးအပ်ပွဲသို့ တက်ရောက်ကြ သည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့နယ် မိုခါမုန်တိုင်းဘေးသင့် တောင်သူများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် ရွာသစ် ကေကျေးရွာ ဘုန်းတော်ကြီး ကျောင်းဆရာတော်အား ဖူးမြော် ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မိုခါ မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေ အနေကို လျှောက်ထား၍ လိုအပ် သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေး သည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် အဆိုပါ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည့် စစ်တွေမြို့နယ်မှ မိုခါမုန်တိုင်းဘေးသင့် တောင်သူ များအား မျိုးစပါးနှင့် ဟင်းသီး ဟင်းရွက်မျိုးစေ့များ ထောက်ပံ့ ပေးအပ်ပွဲသို့ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ်က မိုးစပါးစိုက်ပျိုး ရာသီတွင် တောင်သူများ မျိုး လိုအပ်ခြင်းကြောင့် စိုက်ကေများ လျော့နည်းခြင်းမရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မှုဖြင့် မျိုးစပါးများကို နေပြည်တော်၊ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသ ကြီးများမှ ဝယ်ယူပြီး ရခိုင်ပြည်နယ် ရှိ မျိုးစပါးလိုအပ်ချက်ရှိသည့် မြို့နယ်များသို့ သယ်ယူပို့ဆောင် ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ကို ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့နယ်၌လည်း ယခု ကဲ့သို့တောင်သူများအား ထောက်ပံ့ ဖြန့်ဖြူးပေးလျက် ရှိကြောင်း၊ မျိုးကောင်း မျိုးသန့် မျိုးစေ့များ ဖြစ်သည့်အတွက် လာမည့်နှစ်များ တွင်လည်း ဆက်လက်စိုက်ပျိုးနိုင် ရေးအတွက် မျိုးထိန်းစိုက်ပျိုးခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက်ရ မည်ဖြစ်ကြောင်း၊ အထွက်နှုန်း အလွန်ကောင်းသော မျိုးစပါး များကို ယုံယုံကြည်ကြည်ဖြင့် နည်းစနစ်မှန်ကန်စွာ လိုက်နာ စိုက်ပျိုးကြစေ လိုကြောင်းနှင့် လိုအပ်သော နည်းစနစ်များကို လည်း စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးပေးမည် ဖြစ်သည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားများ၊ တောင်သူဦးကြီးများ၊ ဌာနဆိုင်ရာ များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိ သူများက တောင်သူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ပေးအပ်ကြရာ တောင်သူတစ်ဦးက ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် အခမ်းအနား သို့ တက်ရောက်လာကြသူများ အား သီးစုံဒံပေါက်များ ဝေငှ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမ၌ ကျင်းပသော မိုခါ မုန်တိုင်းဘေးသင့် တောင်သူများ အား မျိုးစပါးနှင့် ဟင်းသီး ဟင်းရွက် မျိုးစေ့များ ထောက်ပံ့ ပေးအပ်ပွဲသို့ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီး ချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ် ဝန်ကြီးများ၊ တာဝန်ရှိသူများက တောင်သူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကို ပေးအပ်ကြရာ **(ယာပုံ)** တောင်သူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ အလယ်စုရပ်ကွက်ရှိ အခြေခံ ပညာ အထက်တန်းကျောင်းခွဲ သို့သွားရောက်ပြီး အသက်ငါးနှစ် အထက် ကျောင်းသား၊ ကျောင်းသူ များအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို သွားရောက်ကြည့်ရှု အားပေးကြ ပြီး **(ဝဲပုံ)** ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အတွက် သီးစုံဒံပေါက်များ ဝေငှ ကြသည်။ ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်း အတွင်း ကျောင်းသား ကျောင်းသူ များ အေးချမ်းပျော်ရွှင်စွာ ပညာ သင်ကြားနေမှုကို လှည့်လည် ကြည့်ရှုအားပေးပြီး ကျောင်း အတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့ ဦးရာဇမင်္ဂလာ ကြိုးတံတား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးကြရာ ကြိုးတံတား ပြုပြင်တည်ဆောက်မှုတာဝန်ခံက ကြိုးတံတားပြန်လည်ပြုပြင်နေမှု နှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။ ယင်းကြိုးတံတားမှာ အရှည်ပေ ၃၂၀ ၊ တံတားအကျယ် ၇ ပေ ၆ လက်မ၊ တံတားအောက် ကင်းလွတ်အမြင့် ၁၃ ဒသမ ၁၃၄ ပေရှိပြီး နိုင်ငံတော်အစိုးရထံ က ခွင့်ပြုငွေကျပ် ၇၉ ဒသမ ၆၅၉ သန်းဖြင့် ပြန်လည်ပြုပြင် မွမ်းမံ တည်ဆောက်နေခြင်း ဖြစ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်း မြို့နယ် ကွန်းတောင်ကျေးရွာအနီး ၌ Advanced Seafood Industries ကုမ္ပဏီ၏ ကဏန်း ပျော့ မွေးမြူထုတ်လုပ်ရေးလုပ်ငန်း သို့ ရောက်ရှိပြီး ကဏန်းပျော့ မွေးမြူရေးကန်များ၊ ကဏန်းမွေး ဖောင်များ၊ ကဏန်းအစာကျွေး ခြင်းနှင့် ကဏန်းပျော့ကောက် ခြင်း၊ ကဏန်းရေချိုးဆေးသန့်စင် ခြင်း၊ အေးခဲခြင်း၊ သိုလှောင် ခြင်းနှင့် ပြည်ပသို့တင်ပို့ရောင်းချ ရန် ထုပ်ပိုးပြင်ဆင်ခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည် များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန် ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝ ဘေး ပြန်လည်ထူထောင်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် လုပ်ငန်း ကော်မတီများအလိုက် ပြန်လည် ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ နှင့် စပ်လျဉ်း၍ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက် ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှု အခြေအနေ များနှင့် စပ်လျဉ်းပြီး ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ် သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပုဏ္ဏားကျွန်းမြို့နယ် ကဏန်းပျော့မွေးမြူထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

## ဘူးသီးတောင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်း

**ဘူးသီးတောင် ဇူလိုင် ၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အလူမီနီယံပရိဘောဂပြုလုပ်နည်း သင်တန်း ဆင်းပွဲကို ဇူလိုင် ၁ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ ဘူးသီးတောင်မြို့နယ်မှ သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်ခဲ့ကြပြီး ဘူးသီးတောင်မြို့ပေါ်မှ သင်တန်းဆရာများက စာတွေ့၊ လက်တွေ့ ၁၀ ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သန်းမင်းအောင် (သတင်းစဉ်)**

# ဥပဒေရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ




**နေပြည်တော် ဇူလိုင် ၆**

၂၀၂၃ ခုနှစ် ဥပဒေရေးရာဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်သတ်မှတ်နေရာများ၌ ကျင်းပသည်။

**ငါးမျိုးစိုက်ထည့်**

ဦးစွာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ငါးသားပေါက် ကောင်ရေ ၃၀၀၀ ကို ရုံးအဝင်လမ်းရှိ တစ်ဖက်ပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကို ဆက်လက်ကျင်းပရာ သတ်မှတ်နေရာ၌ ပြည်ထောင်စုဝန်ကြီးက ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ကံ့ကော်၊ ခရေ၊ သပြေ၊ ကျွန်း၊ ငု၊ ပျဉ်းမနှင့် တပေဘူတပင်တို့ကို သတ်မှတ်မြေ နေရာများ၌ စိုက်ပျိုးပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် သစ်ပင်စိုက်ပျိုးပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ စုစုပေါင်းသစ်ပင် ၁၄၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးမွမ်းမံသင်တန်း၊ အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများသည် စစ်ဆေးရေးလုပ်ငန်းများသာမက စီမံခန့်ခွဲရေးလုပ်ငန်းများကိုပါ တာဝန်ယူဆောင်ရွက်ကြရသည့် အရေးပါသောအရာထမ်းများဖြစ်သဖြင့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရလဒ်ကောင်းများ ရရှိစေရေးအတွက် သင်တန်းမှ လေ့လာသိရှိမှုများကို ထိရောက်စွာပြန်လည်အသုံးချစေလိုကြောင်း၊ စစ်ဆေးခြင်းဆိုင်ရာ ပညာရပ်များနှင့် နည်းစနစ်များသည် ခေတ်ကာလနှင့်အညီ အစဉ်ပြောင်းလဲတိုးတက်လျက်ရှိသဖြင့် "သင်ယူခြင်းသည် ပြီးဆုံးသည်မရှိ" ဆိုသည့်အတိုင်း မိမိကိုယ်တိုင် ဆက်လက်လေ့လာဆည်းပူးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင်လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်ကျင့်ဝတ်များကို အလေးထားလိုက်နာကျင့်သုံးရန် လိုအပ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်စေရေးထိန်းကျောင်းပေးခြင်း လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် ကိုယ်ကျင့်သိက္ခာမြင့်မားပြီး နိုင်ငံနှင့်ဌာနက အားထားရသည့် အရာထမ်း ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။



အဆိုပါသင်တန်းကို အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ပြိုင်တည်း ဇွန် ၁၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ဒေသစာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ စုစုပေါင်း ၁၆၇ ဦး တက်ရောက်ပြီးမြောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဒု-စာရင်းစစ်မှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၃/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်တွင် ဇွန် ၁၉ ရက်မှ ဇူလိုင် ၅ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ၆၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိစာရင်းစစ်ရုံးများမှ ၂၁ ဦး၊ ချင်းပြည်နယ်မှ သုံးဦးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ၁၈ ဦး စုစုပေါင်း ၁၁၁ ဦး တက်ရောက်ပြီးမြောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*❖ ကျောဖုံးမှ*

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီ ပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" သည် ယခုအသက် ၁၁ လခွဲသား အရွယ်တွင် အရပ်အမြင့် ၃ ပေ ၁၀ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၆၇၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training " ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၆**

တပ်မတော်(လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်/ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် အခြေခံစားသောက်ကုန်ပစ္စည်း ၃ ဒသမ ၇၆၉ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ကို တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်အထိ ထောက်ပံ့ရေးပစ္စည်း ၅၆၄ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၅၄၂ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့်



လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော်လေယာဉ်/ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အိမ်မဲမြို့နယ်၌ လယ်ယာမြေဥပဒေအသိပညာပေး ဆွေးနွေးပွဲကျင်းပ

**အိမ်မဲ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေဥပဒေကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ဂယက်ကြီးကျေးရွာအုပ်စု ကန္သားကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အတွင်းရေးမှူး ဦးသန်းဆွေက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လယ်ယာမြေလုပ်ကိုင်ခွင့်ရသူများ၏ အခွင့်အရေးများ၊ လိုက်နာရမည့်စည်းကမ်းချက်များ၊ လယ်ယာမြေအငြင်းပွားမှု ဖြေရှင်းခြင်း ဆောင်ရွက်ရန်ကိစ္စများကို အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ ဂယက်ကြီးကျေးရွာ၊ ညောင်ငူကျေးရွာ၊ ရေငံကွင်းကျေးရွာ၊ ကျုံခရီကျေးရွာ၊ ခတ္တိယကျေးရွာ၊ ကျိုက်ပိကျေးရွာ၊ သဖန်းပင်ဆိပ်ကျေးရွာမှ ပြည်သူများ တက်ရောက်ခဲ့ပြီး လယ်ယာမြေဥပဒေနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ဘဏ်များ၌ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အထူးအလေးထား စိစစ်သည့်နည်းလမ်းများကို ဆောင်ရွက်သည့်အခါတွင် လူသားချင်းစာနာမှုအတွက် အထောက်အပံ့ပေးသည့် ငွေကြေးများ၊ ပရဟိတ အဖွဲ့အစည်း(NPO)များ၏ တရားဥပဒေနှင့် ညီညွတ်သောလုပ်ဆောင်ချက်များ၊ ငွေလွှဲပြောင်းမှုများကို အနှောင့်အယှက်မရှိစေရန် အလေးထားဆောင်ရွက်သင့်သည်ဟု ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏စာတမ်းတွင် ဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့သို့ တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာပါ အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အစီအမံ (Action Plan)ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဇူလိုင် ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်မည့် APG Annual Meeting တွင် မြန်မာ-ICRG နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများနှင့် အခြားသက်ဆိုင်သော APG Issue များ ဆွေးနွေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့ (INGO) များ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာငွေလွှဲပြောင်းလက်ခံခြင်းများနှင့် စပ်လျဉ်း၍ ဥပဒေလုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျစိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် စံသတ်မှတ်လုပ်ထုံးလုပ်နည်း(SOP)များ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက နိုင်ငံ၏ အကျိုးစီးပွားအတွက် NPO အဖွဲ့အစည်းများကို FATF ၏ အကြံပြုချက်အမှတ် ၈ ပါ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယင်းအဖွဲ့အစည်းများ၏ မှတ်ပုံတင်ဆောင်ရွက်မှုများ၊ MOU လက်မှတ်ရေးထိုးမှုများနှင့် ငွေလွှဲပြောင်းမှုများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် SOP၊ Guideline များနှင့် Timeline များ ချမှတ်ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက NGO နှင့် INGO အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ၎င်းတို့ တာဝန်ယူဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး အစည်းအဝေး ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄၄) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

(၄၄) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (44th ASEAN Senior Officials Meeting on Drug Matter and Its Related Meeting- ASOD) ကို မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။





ဦးစွာ ASEAN သီချင်းဖြင့် ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပြီး ASEAN နိုင်ငံများ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များ Video Clipကို ပြသသည်။

## မူးယစ်ဆေးဝါးပြဿနာ

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က အမှာစကားပြောကြားရာတွင် ယနေ့ တိုးတက်လာသည့် ခေတ်စနစ်အခြေအနေနှင့် နည်းပညာဆန်းသစ်မှုများအရ မူးယစ်ဆေးဝါးပြဿနာသည် လွန်စွာ ရှုပ်ထွေးလာပြီး တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် မှောင်ခိုလုပ်ငန်းများသည် အာဆီယံဒေသတွင်းသာမက ကမ္ဘာ့နိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရသည့် အန္တရာယ်အရှိဆုံး ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်မှုပုံစံနှင့် လမ်းကြောင်းများ ပြောင်းလဲသွားခြင်းသည် တားဆီးနှိမ်နင်းရေး လုပ်ငန်းများအပေါ် စိန်ခေါ်မှုအခက်အခဲများကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံအများစု၏ မျိုးဆက်သစ်လူငယ်များ အကြားတွင်လည်း အလွယ်တကူဝယ်ယူရရှိနေသည့် လူလုပ်မူးယစ်ဆေးဝါးသုံးစွဲမှုများသည် များပြားလာကြောင်း၊ Happy Water ကဲ့သို့ စိတ်ပြောင်းဆေးဝါးအသစ်များသည်လည်း နေ့စဉ်နှင့်အမျှ ပုံစံအမျိုးမျိုးဖြင့် ပေါ်ထွက်လျက် ရှိနေခြင်းကြောင့် အနာဂတ်ကာလ မူးယစ်ဆေးဝါးပြဿနာ၏ စိန်ခေါ်မှုအသစ်များနှင့် ဆက်လက်ရင်ဆိုင်နေရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုအခြေအနေများနှင့် သယ်ဆောင်ရာလမ်းကြောင်း ပြောင်းလဲမှုများအပေါ် သုံးသပ်ပြီး အထူးစစ်ဆင်ရေးများကို စနစ်တကျစီမံချက်ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း လာအို၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သည့် Operation 1511 / 22 သည် အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ လက်ရှိတွင်လည်း မူးယစ်ဆေးဝါးနှင့် ပရိကာဆာဓာတုပစ္စည်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးစစ်ဆင်ရေး Operation 39 ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

အာဆီယံနိုင်ငံများ အချင်းချင်း သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ မျှဝေဖလှယ်မှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါး အန္တရာယ်သည် လူသားမျိုးနွယ်အားလုံးကို နည်းမျိုးစုံဖြင့် ခြိမ်းခြောက်စိန်ခေါ်လျက်ရှိသည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံရေးရောယှက်မှုကင်းရှင်းစွာဖြင့် အတူတကွပူးပေါင်းကာ တူညီသောဘုံရည်မှန်းချက်ဖြင့် နီးကပ်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

## တာဝန်လွှဲပြောင်းပေးအပ်

ယင်းနောက် (၄၃) ကြိမ်မြောက် ASOD အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် မလေးရှားနိုင်ငံ ASOD ခေါင်းဆောင်က (၄၄) ကြိမ်မြောက် ASOD အစည်းအဝေး အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံ ASOD ခေါင်းဆောင် ရဲမှူးချုပ် ဝင်းနိုင်ထံ သဘာပတိတာဝန်ကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သောကိုယ်စားလှယ်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASOD ခေါင်းဆောင်များဦးဆောင်သည့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံး၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP) တို့မှ ကိုယ်စားလှယ်များသည် ဒေသတွင်း မူးယစ်ဆေးဝါးပြဿနာ ဖြေရှင်းရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ယခင်အစည်းအဝေးများ၏ ရလဒ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု၊ အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် (Commission on Narcotic Drug, CND) ၏ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေမှုနှင့် (၆၇) ကြိမ်မြောက် CND အစည်းအဝေးတွင် အာဆီယံကြေညာစာတမ်းတင်ပြနိုင်ရေး ကိစ္စရပ်များ၊ 45th ASOD အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၅ ရက်တွင် 44th ASOD လုပ်ငန်းအဖွဲ့ (၅) ဖွဲ့ဖြစ်သော ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းအဖွဲ့၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၊ တားဆီးနှိမ်နင်းရေး လုပ်ငန်းအဖွဲ့၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့နှင့် သုတေသနလုပ်ငန်းအဖွဲ့တို့၏ အစည်းအဝေးများကျင်းပခဲ့ပြီး အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကာ အစည်းအဝေးတွင် ပြည်သူလူထုအား မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေး ဆောင်ရွက်နေမှုများ၊ ဆေးစွဲလူနာများကုသပေးမှုအခြေအနေများနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်နေမှုများ၊ အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း/ ဒေသပြင်ပ မူးယစ်ဆေးဝါးအခြေအနေများနှင့် ပရီကာဆာဓာတုပစ္စည်းထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ပိုမိုကြီးထွားလာသည့် လူလုပ်မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာကိစ္စရပ်များ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်းနှင့် 44th ASOD အစည်းအဝေးသို့ အာဆီယံနိုင်ငံများအပါအဝင် မိတ်ဖက်နိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ရုရှားနိုင်ငံ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဇူလိုင် ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

သို့သော် နှစ်သင်းစလုံး အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြင့်လာပြီး ၆၇ မိနစ်တွင် နိုင်ဇင်ထက်က မြဝတီအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရတနာပုံအသင်း ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၈၉ မိနစ်တွင် ထက်လှိုင်မင်းက အဖိုးတန် ချေပဂိုးပြန်သွင်းခဲ့သဖြင့် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ပွဲစဉ် (၁၀) မှ ရွှေ့ဆိုင်းထားသည့် ရန်ကုန်အသင်းနှင့် အား/ကာသိပ္ပံအသင်းပွဲကို ဇူလိုင် ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ရန်ကုန်အသင်းက ၂၅ မှတ်၊ အား/ကာသိပ္ပံအသင်းက ရမှတ် ၂၀၊ ဟံသာဝတီအသင်းက ၁၆ မှတ်၊ ဒဂုံစတားနှင့် မဟာယူနိုက်တက်အသင်းက ၁၄ မှတ်စီ၊ ရတနာပုံ၊ ရခိုင်နှင့် မြဝတီအသင်းက ၁၃ မှတ်စီ၊ ကချင်ယူနိုက်တက်အသင်းက ကိုးမှတ်၊ ရှောဝတီအသင်းက ရှစ်မှတ်၊ GFA အသင်းက ခုနစ်မှတ်ရရှိထားသည်။ ပွဲကျန်ကစားရန်ကျန်ရှိနေသည့် ရန်ကုန်အသင်းနှင့် အား/ကာသိပ္ပံအသင်းမှာ ၁၀ ပွဲစီသာ ကစားရသေးပြီး ကျန် ၁၀ သင်းမှာမူ ပထမအကျော့ ၁၁ ပွဲစလုံး ကစားထားပြီးဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

# တင့်တယ်ခမ်းနား ရုပ်ပွားတော်မြတ်ကြီးနှင့်အတူ အေးချမ်းပါစေ ဗုဒ္ဓမြေ

ဒေါက်တာမြတ်မိုး

ကျွန်ုပ်တို့အားလုံးသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ကိုးကွယ်သည့်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များပီပီ မိမိဘာသာသာသနာ ပြန့်ပွားတိုးတက်ရေးအတွက် တာဝန်ရှိသူများဖြစ်သည်ဟု ခံယူထားသူများ ဖြစ်သည်။ နိုင်ငံစည်ပင်ဝပြောရေး၊ ငြိမ်းချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်နေသူများလည်းဖြစ်ပြန်သည်။ အရာရာကို ဘာသာသာသနာကို အခြေခံ၍ စဉ်းစားသည်၊ တွေးသည်၊ ပြောသည်၊ လုပ်ကြကိုင်ကြသည်။ အကြောင်းမှာ ဗုဒ္ဓဘာသာသည် တစ်ဦးချင်း ငြိမ်းချမ်းရေးမှသည် အများငြိမ်းချမ်းရေး၊ လောကတစ်ခွင် သာယာဝပြောရေးကို ရှေးရှု၍ဖြစ်သည်။ ဤမျှရိုးရှင်းသော အချက်ကို အခြေခံ၍ မြန်မာပြည်တစ်ခွင် အပူမှ အအေး၊ အမှောင်မှအလင်းဆောင်နေသည့် ဂုဏ်ယူဖွယ်ရာတစ်ခုအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းကို သဒ္ဓါတရားဖြင့် တင်ပြလိုပါသည်။



မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပသည့်နေ့မှ (၁၁၁၁) ရက်မြောက်တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (၃၀-၆-၂၀၂၃)

ဗုဒ္ဓဓမ္မနှင့် ငြိမ်းချမ်းသာယာဝပြောရေးကို အတူယှဉ်တွဲ၍ ကုသိုလ်စိတ်များပွားနိုင်ရေးအတွက် ရည်ရွယ်ပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟု သိရှိရပါသည်။

## မွန်မြတ်မှန်ကန်သော ရည်ရွယ်ချက်များမှသည် ခိုင်မာသောယုံကြည်မှုများသို့

ဘုရားရှင်အား ကိုယ်စားပြုသည့် ဥဒ္ဒိဿစေတီ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းသည်ပင် ထေရဝါဒဗုဒ္ဓဘာသာ အခြေခံခိုင်မာမှုရှိပြီးဖြစ်သော မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ၊ သာသနာနှင့် ကမ္ဘာကြီးအတွက် ဦးတည်ထားခြင်းဖြစ်သည်။ မွန်မြတ်သန့်ရှင်းသော ရည်ရွယ်ချက် လေးရပ်ဖြင့် ဆက်လက်ခိုင်မာတည်တံ့အောင် ဆောင်ရွက်နေခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်သည် အဓိကဖြစ်သည်။ ထို့အတူ ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်လည်း ရည်ရွယ်ပါသည်။ ဘာသာသာသနာ၏ ထွန်းလင်းတောက်ပမှုဖြင့် အမိနိုင်ငံတော်ကြီး သာယာဝပြောစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာစေရန်အထိ ဦးတည်ထားပါသည်။ ထိုရည်ရွယ်ချက်များနှင့်အညီ ကျွန်ုပ်တို့၏ ထေရဝါဒဗုဒ္ဓဘာသာသည် ကိုးကွယ်မှုဗဟိုချက်အဖြစ် ဆက်လက်ထွန်းလင်းတောက်ပပြီး ဘာသာသာသနာ ဆက်လက်အဓွန့်ရှည်တည်တံ့ ပြန့်ပွားနေမည်ဟု ယုံကြည်ပါသည်။

ဘာသာသာသနာနှင့် ယခုကဲ့သို့စေတီတော်ကြီး တည်ထားကိုးကွယ်ခြင်း၏ အကျိုးကျေးဇူးကြောင့် နိုင်ငံတော်ကြီးလည်း သာယာဝပြောလာမည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မဝိဟာရတရားလေးပါးအောက်တွင် နိုင်ငံလည်းငြိမ်းချမ်းလာမည်။ ဗုဒ္ဓ၏ အရိပ်အာဝါသအောက်တွင် ငြိမ်းချမ်းမှုနှင့်အတူ ပြည်သူပြည်သားအားလုံးလည်း အေးအေးချမ်းချမ်းဖြင့် မိမိတို့၏ စားဝတ်နေရေးကိစ္စအဝဝ ပြေလည်လာမည်၊ စီးပွားလာဘ်လာဘများလည်း တိုးတက်လာမည်၊ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ရှိကြမည်ဟု မျှော်လင့်မိပါသည်။

## ခေတ်မီနည်းစနစ်များဖြင့် ထုဆစ်ပူဇော်ထားသော

လူနတ် ဗြဟ္မာသတ္တဝါအားလုံးအကျိုးငှာ ကိုးကွယ်ရာ ဤရုပ်ပွားတော်ကြီး ထုဆစ်တည်ထားစီမံကိန်းကြီးကား ကမ္ဘာ့သမိုင်းဝင် တည်ထားမှုတစ်ခုအဖြစ် စံပြုထိုက်သည်ဟု ဆိုနိုင်ပါသည်။ ဤသို့ သမိုင်းဝင်မှု အချက်အလက်အသေးစိတ်များကို နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်ပင် ၂၉-၆-၂၀၂၃ ရက်နေ့ နံနက်ပိုင်းက သာသနာနုဂ္ဂဟဘွဲ့ရ ပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားရှင်းလင်းပြသခဲ့သည်ကိုလည်း သတိထားမိသည်။

> ❖ **ဘာသာသာသနာနှင့် ယခုကဲ့သို့ စေတီတော်ကြီး တည်ထားကိုးကွယ်ခြင်း၏ အကျိုးကျေးဇူးကြောင့် နိုင်ငံတော်ကြီးလည်း သာယာဝပြောလာမည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မဝိဟာရ တရားလေးပါးအောက်တွင် နိုင်ငံလည်း ငြိမ်းချမ်းလာမည်။ ဗုဒ္ဓ၏ အရိပ်အာဝါသအောက်တွင် ငြိမ်းချမ်းမှုနှင့်အတူ ပြည်သူပြည်သားအားလုံးလည်း အေးအေးချမ်းချမ်းဖြင့် မိမိတို့၏ စားဝတ်နေရေး ကိစ္စအဝဝ ပြေလည်လာမည်၊ စီးပွားလာဘ်လာဘများလည်း တိုးတက်လာမည်၊ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ရှိကြမည်ဟု မျှော်လင့်မိပါသည်**

တန်ချိန်အလေးဆုံးထုထည်ကြီးကို အဝေးဆုံး သယ်ဆောင် ရွှေ့ပြောင်းနိုင်မှုအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်သည်။ လျှင်ဒဏ်ရစ်ချ်တာစကေး ၈ ဒသမ ၈၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀၊ မိုးကြိုးမုန်တိုင်း အဆင့် ၎င်းအထိ စသည့်သဘာဝဘေးဒဏ်ကြီးများကို ခံနိုင်ရည်ရှိအောင် တွက်ချက်တည်ဆောက်ထားသည်ဟု ဆိုသည်။ ယခုလက်ရှိကျောက်ဆစ်ရုပ်ပွားတော်များအနက် ကမ္ဘာတွင်အကြီးဆုံးသော ရုပ်ပွားတော်ကြီးလည်း ဖြစ်သည်။

အထူးကနဲ့သတ် ကုန်စည်တစ်မျိုးဖြစ်သော 5 axis နည်းပညာသုံး CNC စက်ဖြင့် ထုဆစ်ပူဇော်ထားခြင်းဖြစ်သည်။ ကွန်ပျူတာညွှန်ကြားချက်ဖြင့် ဝင်ရိုး ၎င်းခုကို တစ်ပြိုင်နက် ရွှေ့လျားနိုင်စေပြီး ရှုပ်ထွေးသော စက်ပစ္စည်းအစိတ်အပိုင်းများကို ဖြတ်တောက်လုပ်ဆောင်နိုင်သည့် စက်မျိုးဖြစ်သည်။ သတ်မှတ်ကာလအချိန်အတွင်း ပြီးစီးစေရန် အရွယ်အစား ကြီးမားလွန်းသော ဆင်းတုတော်ကြီးအတွက် တိကျသေချာစွာ ထုဆစ်နိုင်စွမ်းရှိမည့် Heavy Mega CNC စက်ကြီးဖြစ်သည်။ ဤစက်ကြီးကြောင့် ဆင်းတုတော်ရှိ မြန်မာမှုအနုသုခုမလက်ရာများ လှပသေသပ်ခံ့ညားလာမည်ဖြစ်သည်။

မာရဝိဇယရုပ်ပွားတော်ကြီးမတိုင်မီ နောင်တော်ရုပ်ပွားတော်တစ်ဆူကိုလည်း ဦးစွာထုဆစ်ရသေးသည်။ ထုဆစ်ရာတွင် အဆင့်မြင့်နည်းပညာများဖြင့် ပုံဖော်တွက်ချက်၍ အဆင့်မြင့်နည်းပညာစက်ကိရိယာများကို သုံးခဲ့ရပါသည်။ တွက်ချက်မှုမှားယွင်းပါက စကျင်ကျောက်တုံးကြီး ကွဲအက်ပျက်စီးသွားနိုင်သည်ဟု ဆိုပါသည်။ သဘာဝဘေးဒဏ်ခံနိုင်အောင် အတွက်လည်း မြန်မာမှုတည်ဆောက်ရေးပညာများနှင့်တွဲစပ်၍ ခေတ်ပေါ်နည်းပညာများ ပါဝင်သည်ဟု သိရသည်။ တစ်နည်းအားဖြင့် မြန်မာတို့၏ ခေတ်မီနည်းပညာများဖြင့် တည်ဆောက်ရေးပညာများနှင့်အတူ ထိုနည်းပညာများကို မြန်မာမှုလက်ရာများဖြင့် ပေါင်းစပ်၍ ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နေပုံကို လေ့လာမိပါသည်။

## မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

မာရဝိဇယရုပ်ပွားတော်ကြီး တည်ဆောက်ရေးကာလသည် ယခုအချိန်ထိဆိုလျှင် ၁၁၁၈ ရက်ရှိခဲ့ပါပြီ။ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ဖြစ်ခဲ့ပုံမှာမူ ဤသို့ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်နိုင်ရေး စကျင်ကျောက်တော်ကြီးကို တပ်မတော်သို့ လွှဲအပ်လှူဒါန်းခဲ့ရာမှ စတင်ခဲ့သည်။ ထို့နောက် ၎င်းစကျင်ကျောက်တော်ကြီး တူးဖော်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လတွင် အမြင့် ၆၅ ပေ၊ ရှေ့အလျား ၁၅၄ ပေ၊ ထုပေ ၂၀ ရှိ A အဆင့်ရှိသော အကြမ်းထည်ကျောက်တော်ကြီးကို ပုံဖော်နိုင်ခဲ့ကြသည်။

ဆင်းတုတော်ကြီးကို ခေတ်အလိုက် တည်ထားကိုးကွယ်ခဲ့သည့် ရုပ်ပွားတော်များအနက် အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ်ဟန် ဘူမိဖဿပုံစံဖြင့် တည်ထားရန် ရွေးချယ်ခဲ့ကြသည်။ ယင်းမှာ ကိုလိုနီကာလအတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးသွားခဲ့ပြီးနောက် နောက်ဆုံးကျန်ရှိခဲ့သည့် ရတနာပုံခေတ်ဟန်ကိုယူရန် ဆုံးဖြတ်ခဲ့ကြပုံရသည်။ ဘုရားကြီးထုဆစ်ပူဇော်ရန် စဉ်းစားရာတွင်လည်း ဉာဏ်တော်ကို အဓိကထား၍ ထုံးတမ်းစဉ်လာများနှင့်အညီ တည်ထားနိုင်ရေး လိုအပ်သည့်ပစ္စည်းများကိုလည်း စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

လိုအပ်သည့် စကျင်ကျောက်များကိုလည်း အခက်အခဲများစွာကြားမှ ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့်သယ်ယူခဲ့ကြရသည်။ ကျောက်တုံးတော်ကြီးများကို စတင်ပင့်ဆောင်ခြင်း အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်က စတင်ခဲ့ပြီး ကျောက်တုံးကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ကိုးကြိမ်တိုင်ပင့်ဆောင်ခဲ့ရပါသည်။ တန်ချိန်အားဖြင့် ၈၁၅၈ တန်ရှိသော စကျင်ကျောက်တုံးကြီးများကို ရေလမ်းခရီးဖြင့် သယ်ဆောင်ခြင်းမှာ ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်အားလုံး မြင်းခြံ၊ ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပါသည်။

ကုန်းလမ်းမှတစ်ဆင့် သယ်ယူခြင်းကိုမူ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် စတင်ခဲ့ကာ တန်ချိန် ၁၅၀၀ နှင့် ၂၀၀၀ ကြားသယ်နိုင်သည့် ကားများဖြင့် နေပြည်တော်သို့ ပင့်ဆောင်ခဲ့ရသည်။ ဆင်းတုတော်ကြီး တည်ထားရေးအတွက် အလေးချိန် အများဆုံး စကျင်ကျောက်အား အဝေးဆုံးသောရေလမ်းခရီး၊ အဝေးဆုံးသော ကုန်းလမ်းခရီးများဖြင့် သယ်ဆောင်ခဲ့ခြင်း လုပ်ငန်းစဉ်မှာပင် အံ့မခန်းဖွယ် ဂုဏ်ယူစရာပင်ဖြစ်နေပါသည်။

ဘုရားကြီးတည်ထားကိုးကွယ်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရေး တည်ဆောက်ရန် ရည်ရွယ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို စနစ်တကျပုံဖော်ခဲ့ကြသည်။ မြေနေရာကို စနစ်တကျဖြင့် အကွက်ချ တွက်ချက်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူ၍ တလေးတစား ဆောင်ရွက်ခဲ့ပါသည်။ ဘာသာရေး ကြန်အင်လက္ခဏာရပ်များနှင့်အညီ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များကို ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ခဲ့ပြီး ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ပြင် ၎င်းပိဋကတ်သုံးပုံအား Application ဖြင့်ထည့်သွင်း၍ Tablet များတွင် ဖတ်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ၎င်းပိဋကတ်ကျမ်းစာများကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားရန်လည်း စီမံထားပါသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့တော်အမည်ကိုလည်း ဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ “မာရဝိဇယ” ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ပါသည်။ ဒ့ါအပြင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဏ္ဏာလုံမွေးရှင်တော်မြတ် ကပ်လှူပူဇော်ခြင်း၊ လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ဆောင်ရွက်ခဲ့သည်။

**ပုံဖော်ထုဆစ်ခြင်း**

ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းများကို အစီအစဉ်များ အဆင့်ဆင့် ချမှတ်ဆောင်ရွက်ခဲ့သည်။

**❍ အလွန်အားရစရာကောင်းသည်မှာ ဤတည်ထားကိုးကွယ်သော မာရဝိဇယရုပ်ပွားတော်မြတ်နှင့် ပတ်သက်၍ စီမံကိန်းစသည့် အခါကာလကထက် အများပြည်သူများ စိတ်ဝင်တစားကြည်ညိုသဒ္ဓါပွားမှု များပြားလာနေခြင်းပင်ဖြစ်သည်။ မြန်မာတို့သည် အလှူဒါနအရာတွင် ရက်ရောသူများဖြစ်သည်မှာ ဘာသာသာသနာအတွက် အထူးအားရစရာ ကောင်းလှပါသည်။ နောင်ဘဝ နောင်သံသရာကို ယုံကြည်သူများဖြစ်သည့် အားလျော်စွာ ဆင်းရဲသူကလည်း ဆင်းရဲသည့်အလျောက်၊ ချမ်းသာသူကလည်း ချမ်းသာသည့်အလျောက် တချို့ကလည်း မိမိတို့မှာ ပိုင်ဆိုင်သမျှ စွန့်လွှတ်လှူဒါန်းကြသည်ကို တွေ့ရသည်။ တစ်ရာ၊ တစ်ထောင် ကျပ်ငွေဂဏန်းမှသည် ရွှေစင်ကျောက်မျက်ကျောက်မျိုးစုံ ပိဿာချိန် ရာဂဏန်းမျှလည်းကောင်း၊ အလှူငွေအားဖြင့် ၂၉-၆-၂၀၂၃ ရက်နေ့ တစ်ရက်တည်းတွင် အလှူရှင် ၁၀၁ ဦးက လှူဒါန်းသော အလှူငွေ ၁၆ ဒသမ ၁၇၇ ဘီလီယံ အပါအဝင် စုစုပေါင်း လှူဒါန်းငွေဘီလီယံ ၂၀ နီးပါးရှိခဲ့ပါပြီ**

ဥယျာဉ်အတွင်း ချောင်းတူးဖော်ဖောက်လုပ်ခဲ့သလို မန္တလေးရတနာပုံခေတ် မင်္ဂလာတံတားပုံစံ တံတားတစ်စင်းကိုပါ ထည့်သွင်းကာ မျက်စိပသာဒဖြစ်ဖွယ် တည်ဆောက်ထားသည်။ ရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့ရပြီး ပလ္လင်တော်အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကိုလည်း စနစ်တကျဆောင်ရွက်ခဲ့ပါသည်။ ပလ္လင်တော်အစိတ်အပိုင်းများကို ထုဆစ်ရာတွင် CNC စက်ကြီးများဖြင့် လှလှပပ ထုဆစ်ခဲ့ကြပါသည်။ အလားတူပင် သုခမ္မာဇရပ်များ တည်ဆောက်ရာတွင် ကျွန်းတိုင်များဖြင့် မြန်မာမှု၊ မြန်မာ့ဟန်အတိုင်း ရှေးမူမပျက် ဆောက်လုပ်ကာ ဘုရားဖူးပြည်သူများ အနားယူအပန်းဖြေနိုင်ရန် ရည်ရွယ်သည်။

ပရိဝုဏ်အတွင်း ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ် စိုက်ထူမည်ဟု ရည်မှန်းထားကာ မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား စံနမူနာထား၍ ကျောက်စာရုံစေတီများ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။ သမိုင်းမော်ကွန်းကျောက်စာထားရှိမည့် အလယ်ဗဟိုကျောက်စာရုံစေတီသည် ၂၁ ပေ x ၂၁ ပေ x ၂၇ ပေ ရှိမည်ဖြစ်ပြီး အခြားကျောက်စာရုံစေတီများ အနေဖြင့် ၁၂ ပေ x ၁၂ ပေ x ၁၈ ပေ နှင့် ကျောက်စာချပ်အနေဖြင့် ၄၅ လက်မ x ၆ ပေ ၃ လက်မ၊ ထု ၇ ဒသမ ၂ လက်မရှိမည်ဖြစ်ပါသည်။

ရတနာပလ္လင်တော်ထက်၌ ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နှင့် ဖေဖော်ဝါရီ ၁၀ ရက်တို့တွင် နှစ်ကြိမ်တိုင် ကျင်းပခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ စေတနာရှင်၊ အလှူရှင်တို့က လှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ပါသည်။ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် သာသနဗိမာန်တော်ကြီးကိုလည်း သံဃာတော် အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့သည့် ၂၈၆ ပေ x ၂၁၃ ပေ x ၉၄ ပေရှိ အဆောက်အဦကြီးကို တည်ဆောက်ထားပါသည်။ ထို့ပြင် ၎င်းသာသနဗိမာန်တော်ကြီးသည် သိမ်သမုတ်ထားသည့် အဂ္ဂါမိပတိဝိသုံဂါမ အမည်ရ သိမ်တော်ကြီးလည်းဖြစ်ပါသည်။

ရင်ပြင်တော်ကြီး တည်ဆောက်ရာတွင် စိမ်းလန်းစိုပြည်စေကာ မျက်စိပသာဒဖြစ်စေရန် မြက်ခင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ဘုရားဖူးလာပြည်သူများ နေပူပြင်းသည့် အချိန်တွင် ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋိတိုက်များကိုလည်း စကျင်ကျောက်များ အသုံးပြု၍ မန္တလေးမြို့ အတုမရှိကျောင်းတော်၏ ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုသုခုမလက်ရာများ လုံးဝမတူညီသည့် အဆောင် ၂၄ ဆောင်ကို တည်ဆောက်ထားသည်။ ၎င်းအပြင် မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ဘုရားပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဗောဓိညောင်ပင်၊ လင်းလွန်းပင်နှင့် လုမ္ဗိနီ အင်ကြင်းပင်များစသည့် ဗုဒ္ဓဘာသာဆိုင်ရာ အပင်များကိုလည်း စိုက်ပျိုးထားရှိပြီး ရုပ်ပွားတော်ကြီး၏ ဘယ်/ညာနှစ်ဖက်တွင် လင်းလွန်းတောနှင့် အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီ အင်ကြင်းပင်များကို စနစ်တကျ စိုက်ပျိုးထားရှိသည်။

**ကောင်းမှုကံကိုဖြစ်စေမည့် ဤဒါန**

အလွန်အားရစရာကောင်းသည်မှာ ဤတည်ထားကိုးကွယ်သော မာရဝိဇယရုပ်ပွားတော်မြတ်နှင့် ပတ်သက်၍ စီမံကိန်းစသည့်အခါကာလကထက် အများပြည်သူများ စိတ်ဝင်တစား ကြည်ညိုသဒ္ဓါပွားမှု များပြားလာနေခြင်းပင်ဖြစ်သည်။ မြန်မာတို့သည် အလှူဒါနအရာတွင် ရက်ရောသူများဖြစ်သည်မှာ ဘာသာသာသနာအတွက် အထူးအားရစရာ ကောင်းလှပါသည်။ နောင်ဘဝ နောင်သံသရာကို ယုံကြည်သူများဖြစ်သည့် အားလျော်စွာ ဆင်းရဲသူကလည်း ဆင်းရဲသည့်အလျောက်၊ ချမ်းသာသူကလည်း ချမ်းသာသည့်အလျောက် တချို့ကလည်း မိမိတို့မှာ ပိုင်ဆိုင်သမျှ စွန့်လွှတ်လှူဒါန်းကြသည်ကို တွေ့ရသည်။ တစ်ရာ၊ တစ်ထောင်ကျပ်ငွေဂဏန်းမှသည် ရွှေစင်ကျောက်မျက်ကျောက်မျိုးစုံ ပိဿာချိန် ရာဂဏန်းမျှလည်းကောင်း၊ အလှူငွေအားဖြင့် ၂၉-၆-၂၀၂၃ ရက်နေ့တစ်ရက်တည်းတွင် အလှူရှင် ၁၀၁ ဦးက လှူဒါန်းသော အလှူငွေ ၁၆ ဒသမ ၁၇၇ ဘီလီယံ အပါအဝင် စုစုပေါင်းလှူဒါန်းငွေ ဘီလီယံ ၂၀ နီးပါးရှိခဲ့ပါပြီ။

**များပြားလှသော အကျိုးတရားများနှင့် ထပ်တူရကြပါစေ**

ဤမာရဝိဇယရုပ်ပွားတော်မြတ်ကြီး လက်ရှိတည်ထားကိုးကွယ်နေမှု မကြာမီ ပြီးစီးအောင်မြင်တော့မည့် အနေအထားများနှင့်အတူ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးတွင် ကောင်းခြင်းမင်္ဂလာများလည်း ဖြစ်ထွန်းလာပါတော့မည်။

စေတီတည်ရခြင်းအကျိုး၊ တည်သောစေတီတွင် ပါဝင်ကုသိုလ်ပြု လှူဒါန်းရခြင်း၊ ပါဝင်တည်ဆောက်ခွင့်ရခြင်း အကျိုးများကြောင့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ မြတ်ဗုဒ္ဓပွင့်ရာအရပ်မှာပင် လူပြန်ဖြစ်ခွင့် ကြုံနိုင်ပါပြီ။ ကိုယ်အင်္ဂါမချို့တဲ့ မြတ်သောဘဝရဖို့ရန် သေချာခဲ့ပါပြီ။ အပယ်သို့မလား၊ ဒွန်းစဏ္ဍားလည်းမဖြစ်၊ ယုတ်မာသော အမျိုးမှာလည်း မဖြစ်တော့ပြီ။ ကျွန်အမျိုးလည်းမဖြစ်၊ လောကငရဲလည်း ကျစရာမလိုတော့ပါ။

ရွှေအဆင်းနှင့်တင့်တယ်သည့်ဘဝမှာ မြင်သူအပေါင်း၏ ချစ်ခင်မှုကိုရပြီး ဘုန်းတန်ခိုးလည်း ကြီးမားလာမည်။ သံသရာအဆက်ဆက်လာဘ်လာဘရွှင်ပြီး စည်းစိမ်ဥစ္စာ ပြည့်စုံသည့်ဘဝမှာ ကြံစည်သမျှ အောင်မြင်ပါလိမ့်မည်။ နတ်မင်း၊ စကြဝတေးမင်း၊ သိကြားမင်း၊ ပဒေသရာဇ်မင်း အကြိမ်ကြိမ်ဖြစ်နိုင်သည်ဟုလည်း ကြားဖူးနားဝရှိသည်။ ဘုရားဆုပန် ပစ္စေကဗုဒ္ဓါဆုလည်း ရနိုင်သည်။ ပညာရဲရင့် ပွဲလယ်တင့်၍ အကြားအမြင်ထက်မြက်သူဖြစ်လာမည်။ နောက်ဆုံးတော့ နိဗ္ဗာန်ရွှေပြည်သို့ပင် ဆိုက်လိမ့်မည်ဖြစ်သည်။ များစွာသော အကျိုးကျေးဇူးများပင်တည်း။

ဤမျှဆိုလျှင် သမိုင်းတစ်လျှောက် ကြီးကျယ်ခမ်းနား မွန်မြတ်သပ္ပာယ်လှသော မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရမည့် ကာလတစ်ခုဆီကား တဖြည်းဖြည်း နီးကပ်လာပါပြီ။ လှူတတ်လျှင်မြတ်သည့်အတွက် ဤသို့သော ဒါနအပါအဝင် ကုသိုလ်ရေးအားလုံးမှာ ပါဝင်လှူဒါန်းခွင့်ရနိုင်ရေး စိတ်ဝင်စားစွာဖြင့် အာရုံစိုက်စေချင်ပါသည်။

ဉာဏ်ပညာရှေ့ဆောင်သည့် စေတနာ သဒ္ဓါတရားနှင့်အတူ ယခုလိုကာလဒါနမျိုးကို လှူဒါန်းခွင့်၊ တည်ထားခွင့်၊ ဖူးမြော်ပူဇော်ခွင့်ရရှိသည့်အတွက် ကျွန်ုပ်တို့အားလုံး ကံကောင်းကြပါစေ၊ ဤရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ကျွန်ုပ်တို့အားလုံး ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်၊ သတ္တန္တရကပ်အပေါင်းမှလည်း ကင်းဝေးကြပါစေ၊ ဤစေတီတော်ကြီးနှင့်အတူ ယခုပစ္စုပ္ပန်ဘဝမှာကော နောင်ဘဝသံသရာများအတွက်ပါ ရရှိခံစားနိုင်ကြပါစေ ဟူ၍သာ.... ဆုတောင်းလိုက်ရပါသည်။ ။

**❒ ဤမျှဆိုလျှင် သမိုင်းတစ်လျှောက် ကြီးကျယ်ခမ်းနား မွန်မြတ်သပ္ပာယ်လှသော မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရမည့် ကာလတစ်ခုဆီကား တဖြည်းဖြည်း နီးကပ်လာပါပြီ။ လှူတတ်လျှင် မြတ်သည့်အတွက် ဤသို့သော ဒါနအပါအဝင် ကုသိုလ်ရေးအားလုံးမှာ ပါဝင်လှူဒါန်းခွင့်ရနိုင်ရေး စိတ်ဝင်စားစွာဖြင့် အာရုံစိုက်စေချင်ပါသည်**

# ဒုံးကျည်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်နိုင်ငံတောင်ပိုင်းအား အစ္စရေးက အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်

**ဂျေရုဆလင် ဇူလိုင် ၆**

အစောပိုင်းက အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်နှစ်စင်းဖြင့်တိုက်ခိုက်ခဲ့သော စစ်သွေးကြွများရှိသည့် လက်ဘနွန်နိုင်ငံ တောင်ပိုင်းဒေသ တစ်ခုသို့ အစ္စရေးစစ်တပ်က ဇူလိုင် ၆ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစ္စရေးစစ်တပ်က လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ နယ်ပယ်များကို ပစ်မှတ်ထားပြီး အမြောက်ဖြင့် ၁၅ ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း နိုင်ငံပိုင် Kan ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြထားသည်။ နယ်စပ်၏ နှစ်ဖက်စလုံးမှ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ပျက်စီးမှုများကို ချက်ချင်းထုတ်ပြန်ထားခြင်း မရှိသေးပေ။

အစ္စရေးပိုင်နက်၌ နယ်နိမိတ်နှင့် ကပ်လျက်တွင် ပေါက်ကွဲခဲ့သည့် လက်ဘနွန်နိုင်ငံမှ ဒုံးကျည်တစ်စင်းကို တုံ့ပြန်သည့်အနေဖြင့် ယင်းသို့ တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးစစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အစ္စရေးစစ်တပ်က နောက်ခံထားသည့် ဘူဒိုဇာတစ်စီးသည် နယ်စပ်တစ်လျှောက် အကာအကွယ်တစ်ခု တည်ဆောက်ရန်ကြိုးစားခဲ့သော်လည်း လက်ဘနွန်စစ်တပ်က ဆုတ်ခွာရန်ဖိအားပေးခံခဲ့ရပြီး တစ်ရက်အကြာတွင် အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



လက်ဘနွန်နှင့် အစ္စရေးနယ်စပ်အနီး ကီရီရက်ရှမ်နာ၏ ဆင်ခြေဖုံး၌ အစ္စရေးစစ်သား အချို့ကို တွေ့ရစဉ်။

# ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးမှုနှုန်း စံချိန်တင်မြင့်တက်

**အစ္စလာမ္မာဘတ် ဇူလိုင် ၆**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူကိုးဦးထက်မနည်း သေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။ နောက်ထပ် ထိခိုက်မှုများဖြစ်လာနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

မုတ်သုံရာသီမှာ ယခုလတွင် စတင် ဝင်ရောက်လာပြီဖြစ်ပြီး လာဟိုးမြို့နှင့်အနီး တစ်ဝိုက်ဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်းတို့ကြောင့် အိမ်များ ပျက်စီးခဲ့ကြောင်း ဒေသတွင်း မီဒီယာများက ဖော်ပြထားသည်။ ဇူလိုင် ၈ ရက်အထိ နိုင်ငံတစ်ဝန်း မိုးပိုလာမည်ဟု ခန့်မှန်းထားကြောင်း အာဏာပိုင်များက ပြောကြားသည်။



ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုကို ဇူလိုင် ၅ ရက်က တွေ့ရစဉ်။

ပါကစ္စတန်နိုင်ငံသည် ပြီးခဲ့သည့် နွေရာသီက ဆိုးရွားသည့် မိုးရွာသွန်းမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ အဆိုပါသဘာဝဘေးကြောင့် နိုင်ငံ၏ သုံးပုံတစ်ပုံမှာ ရေနစ်မြုပ်ခဲ့ပြီး လူပေါင်း ၃၃ သန်း ထိခိုက်ခံစားခဲ့ရကာ ၁၇၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဩဂုတ်လအတွင်း အာကာသစခန်းသို့ လူလိုက်ပါသည့် ခရီးစဉ်စေလွှတ်ရန် နာဆာနှင့် SpaceX တို့ စီစဉ်

**လော့အိန်ဂျလိစ် ဇူလိုင် ၆**

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ ဩဂုတ်လအတွင်း လူလိုက်ပါသည့်ခရီးစဉ် စေလွှတ်ရန် နာဆာနှင့် SpaceX တို့ စီစဉ်နေသည်ဟု သိရသည်။ Crew-7 ဟု အမည်ပေးထားသည့် အာကာသသို့ လူလိုက်ပါမည့် ခရီးစဉ်ကို ဩဂုတ် ၁၅ ရက်တွင် အစောဆုံးထား လွှတ်တင်သွားရန် သတ်မှတ်ထားသည်။

**နာဆာ၏ ကနေဒီအာကာသစခန်းမှနေ၍ လွှတ်တင်မည်**

ဖလော်ရီဒါရှိ နာဆာ၏ ကနေဒီအာကာသစခန်းမှနေ၍ လွှတ်တင်သွားမည်ဖြစ်သည်ဟု ဇူလိုင် ၅ ရက်တွင် နာဆာက ပြောသည်။ အဆိုပါခရီးစဉ်တွင် နာဆာမှ အာကာသယာဉ်မှူး ဂျက်စမင်မော့ခ်ဘီလီ၊ ဥရောပအာကာသအေဂျင်စီမှ အန်းဒရက်စ် မော်ဂန်ဆန်၊ ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီမှ ဆာတိုရှီဖူရိုကာဝါနှင့် ရုရှားမှ အာကာသယာဉ်မှူး ကွန်စတက်တင်းဘောရီဆော့ဗ် တို့ လိုက်ပါမည်ဖြစ်သည်။

**ဆင်ဟွာ**

# အကြမ်းဖက်မှုများ ဖြစ်ပေါ်နေသည့် ပြည်နယ်၌ ဇူလိုင် ၁၀ ရက်အထိ အင်တာနက်ပိတ်ဆို့မှု ဆက်လက်လုပ်ဆောင်မည်ဟု အိန္ဒိယအာဏာပိုင်များပြော

**နယူးဒေလီ ဇူလိုင် ၆**

အိန္ဒိယ အရှေ့မြောက်ပိုင်း ပြည်နယ်ဖြစ်သည့် မဏိပူရပြည်နယ်၌ အင်တာနက်ဝန်ဆောင်မှုကို ဇူလိုင် ၁၀ ရက်အထိ ပိတ်ပင်သွားမည်ဟု ဒေသခံအာဏာပိုင်များက ဇူလိုင် ၆ ရက်တွင် ပြောသည်။

လူ့အသက်များ ဆုံးရှုံးနစ်နာမှုများမရှိစေရေး၊ ပစ္စည်းဥစ္စာများ မပျက်စီးစေရေးနှင့် လူထုအေးချမ်းသာယာမှုနှင့် သဟဇာတဖြစ်မှုတို့အတွက် အင်တာနက် ပိတ်ဆို့မှုကာလကို တိုးချဲ့ရခြင်းဖြစ်ကြောင်း အရာရှိများက ပြောသည်။ မေ ၃ ရက်တွင် မျိုးနွယ်စုဝင်မဟုတ်သည့်Meiteisကို မျိုးနွယ်စုအဆင့် သတ်မှတ်ခြင်းအတွက် ဆန္ဒပြမှုများဖြစ်ပေါ်ပြီး အကြမ်းဖက်မှုများ အကြီးအကျယ် ဖြစ်ပေါ်ခဲ့သည်။

ယင်းကဲ့သို့ ပဋိပက္ခများကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးပြီး ၆၀၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဒေသအာဏာပိုင်များက သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့် ထုတ်ပြန်ခဲ့ပြီး အင်တာနက် ကန့်သတ်မှုကို လုပ်ဆောင်ခဲ့သည်။ လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ကောလာဟလများ ပျံ့နှံ့ကာ လှုံ့ဆော်မှုများနှင့် ဆန္ဒပြမှုများပိုမိုဆိုးရွားလာမည်ကို အာဏာပိုင်များက စိုးရိမ်ပူပန်လျက်ရှိသည်။

**ဆင်ဟွာ**



# တောင်အာဖရိက၌ နိုက်ထရိုက်ဓာတ်ငွေ့ ရှူရှိုက်မိခြင်းကြောင့် ၁၆ ဦး ထက်မနည်းသေဆုံး

**ဂျိုဟန်နက်စ်ဘတ်ဂ် ဇူလိုင် ၆**

ဂျိုဟန်နက်စ်ဘတ်ဂ် အရှေ့ပိုင်း ဘွတ်စ်ဘတ်ဂ်ရှိ ကျူးကျော်နေထိုင်ရာ အရပ်၌ ဇူလိုင် ၅ ရက်က ဓာတ်ငွေ့ရှူရှိုက်မိသည်ဟု သံသယဖြစ်ဖွယ် ဖြစ်ရပ်ကြောင့် ၁၆ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

အဆိုပါဒေသရှိ တရားမဝင် ရွှေတူးဖော်ရေးနေရာများနှင့် ဆက်နွယ်မှုရှိနိုင်သည်ဟု ကနဦးစုံစမ်း စစ်ဆေးမှုများအရ သိရသည်။ စွန့်ပစ်ထားသည့် မိုင်းတွင်း နေရာများမှ မြေများကို ခိုးယူကာ အဆိုပါမြေမှ ရွှေကို စစ်ထုတ်ယူရန်အတွက် နိုက်ထရိုက်အောက်ဆိုက်ဓာတ်ငွေ့ကို မကြာခဏ အသုံးပြုလေ့ရှိသည်။



ဘွတ်စ်ဘတ်ဂ်ရှိ လူဦးရေ ထူထပ်သည့် နေရာတွင် နိုက်ထရိုက်အောက်ဆိုက်ယိုစိမ့်နေသည့် ဓာတ်ငွေ့ဘူးကို တွေ့ရှိရသည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး နောက်ထပ် လူသေအလောင်းများ ထပ်တွေ့နိုင်သေးသည်ဟုလည်း အရေးပေါ်ကယ်ဆယ်ရေး အေဂျင်စီမှ အာဏာပိုင်များကပြောသည်။

**ဆင်ဟွာ**

# တူကီယဲနိုင်ငံ၌ ပြင်းထန်သည့်မိုးခေါင်မှုကြောင့် ရေပြတ်လပ်မှုနှင့် ကြုံတွေ့

**အစ္စတန်ဘူလ် ဇူလိုင် ၆**

တူကီယဲနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်သည် ပြီးခဲ့သည့်နှစ်မှစကာ နိုင်ငံကိုထိခိုက်စေသည့် ဆိုးရွားသည့်မိုးခေါင်မှုကြောင့် ရေအရင်းအမြစ်များ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း မြို့တော်အာဏာပိုင်များက ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

နိုင်ငံ၏ လူဦးရေအများဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်မြို့သို့ ထောက်ပံ့ပေးသည့် ဆည်များမှာ မိုးရေချိန်မလုံလောက်မှုကြောင့် ရေသိသိသာသာ လျော့နည်းခြင်းဖြစ်ကြောင်း အစ္စတန်ဘူလ် ရေနှင့်မိလ္လာသိမ်းစနစ် ညွှန်ကြားရေးမှူးရုံးက ပြောကြားသည်။ အစ္စတန်ဘူလ်မြို့သည် လူဦးရေ သန်း ၂၀ ကျော်ရှိပြီး နှစ်စဉ် ရေကုဗမီတာ ၁ ဒသမ ၁ ဘီလီယံ သုံးစွဲလျက်ရှိကြောင်း သိရသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုတစ်ခုစီတွင် ယခင်ကထက် ပိုမိုပူလာမည်ဖြစ်ကြောင်း ဘိုဂါဇီစီတက္ကသိုလ် ရာသီဥတုပြောင်းလဲမှုနှင့် မူဝါဒလေ့လာရေးစင်တာ၏ ဒါရိုက်တာ၊ ပါမောက္ခ လီဗန့်ကူနက်ဇ်က ပြောကြားသည်။

**ဆင်ဟွာ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ မင်းကျောင်း ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တမဟိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကာ အဆိုပါကျောင်းတိုက်၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး ပြီး ဆေးကုသမှုခံယူနေသူ ဒေသခံပြည်သူများအား ဆီ၊ ရေသန့်၊ စားသောက်ဖွယ်ရာများနှင့် တိုင်းရင်း ဆေး လုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် သန်ပန်ချောင်းရပ်ကွက်ရှိ MSME လုပ်ငန်းတစ်ခုဖြစ်သည့် ငါးကွမ်းရှပ် ငါးတစ်မျိုး တည်းဖြင့်သာ ထုတ်လုပ်လျက်ရှိသည့် 7- TOP ငါးမုန့်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့်အတူ ကွန်တိုင်ကျေးရွာအုပ်စု စက်မှုအထက်တန်း ကျောင်း၌ ကျေးရွာအုပ်စု သုံးစုတို့မှ လေဘေးသင့် ပြည်သူများအား အိမ်ဆောက်ပစ္စည်းများ၊ ဆန်၊ ဆားနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ် ပြီး အဆိုပါကျောင်း၌ နယ်လှည့်ဆေးကုသရေး အဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ လေဘေးသင့်ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လေဘေးသင့်ပြည်သူ များအား ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးမှုအခြေ အနေများနှင့်ပတ်သက်၍ ဆွေးနွေးကာ တာဝန်ရှိ သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၎င်းနောက် ဘူးသီး တောင်တပ်နယ်အတွင်းရှိ မူကြိုကျောင်းများမှ ကလေးငယ်များအား အာဟာရဖြည့်စွက်စာများ သွားရောက် ကျွေးမွေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ဗိုလ်ချုပ် သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန် ရှိသူများနှင့်အတူ မြောက်ဦးမြို့နယ်အတွင်း မုန်တိုင်း တိုက်ခတ်မှုကြောင့် ကျိုးကျပြိုလဲခဲ့သော မြို့တွင်း တယ်လီဖုန်း ကွန်ကရစ်တိုင်များ အသစ်လဲလှယ် နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။





အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ဗိုလ်ချုပ် အောင်မျိုးထွန်း သည် ဌာနဆိုင်ရာတာဝန် ရှိသူများနှင့်အတူ အရှေ့မြောက်ရပ်ကွက်ရှိ ဓမ္မာရုံ ကြီး၌ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသ ရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း များ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု အားပေးပြီး **(အောက်ဝဲပုံ)** အဆိုပါ ဓမ္မာရုံကြီးအတွက် သွပ်အချပ် ၅၀ လှူဒါန်းသည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိ နေသော ဗိုလ်မှူးချုပ် နေဝင်းအောင်သည် ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ မိုခါမုန်တိုင်းဒဏ် ကြောင့် နေအိမ်များ ပျက်စီးခဲ့သည့် အိမ်ထောင်စု များအတွက် ထောက်ပံ့ငွေ၊ သစ်ခွဲသားနှင့် ထောက်ပံ့ ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး နေအိမ်ပျက်စီးခဲ့သည့် အိမ်ထောင်စု များအတွက် ထောက်ပံ့ငွေ၊ သစ်ခွဲသားနှင့် ထောက်ပံ့ ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

အလားတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရွာသစ်ကေကျေးရွာရှိ စပါး စိုက်တောင်သူများအား GW- 11 စပါးမျိုးစေ့များနှင့် ပတ်သက်၍ အထွက်နှုန်းတိုးတက်စေရေးအတွက် စနစ်တကျ စိုက်ပျိုးရန်၊ ရာသီအမီ စိုက်ပျိုးနိုင်ရေး နှင့် လိုအပ်သော သွင်းအားစုများကို ထည့်သွင်းအသုံး ပြုရန် စသည်ဖြင့် ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ထို့အတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းမောင်သည် ဌာနဆိုင်ရာ တာဝန် ရှိသူများနှင့်အတူ စိုက်ပျိုးရေးရုံး၌ မျိုးစပါးထောက်ပံ့ နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အထက်တန်း ကျောင်းခွဲ (အလယ်စု) ရှိ ကျောင်းသား ကျောင်းသူ များကို ဒံပေါက်ဘူးများ ပေးဝေလှူဒါန်းသည်။ ယင်းနောက် ဦးရာဇ်တော် ကြိုးတံတားပြန်လည် ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့်အတူ ကညင်ချောင်းစီးပွားရေးဇုန်ရှိ တာဝန် ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ကုန်သွယ်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ် များနှင့်ပတ်သက်၍ ဆွေးနွေးပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့မည့် ကုန်ပစ္စည်းများအား စက်လှေ များပေါ်သို့ တင်ဆောင်နေမှုများကို ကြည့်ရှု စစ်ဆေးသည်။

ထို့ပြင် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့တို့၌ ရောက်ရှိနေသော နယ်လှည့်ဆေးကုသရေးအဖွဲ့များ သည် ဒေသခံပြည်သူများအား သတ်မှတ်နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၆**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူ များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ၏ စားသောက်ရေး အဆင်ပြေ စေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများ နှင့် တာဝန်ရှိသူများက နေ့စဉ်



ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက် ပစ္စည်းများ၊ ဟင်းသီးဟင်းရွက် များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ နှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း တို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲ ခြောက်၊ ဘီစကွတ်နှင့် စည်သွတ် ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့ စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန် ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပ ပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲ နက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှု အပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ် ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့များ ရွေးချယ်တင်မြှောက် ပွဲကို ဇူလိုင် ၆ ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဥမ္မာမြင့် က အသင်းဝင် ၅၆ သင်း၏ အစုပေါင်း ၁၆၂ စုအတွက် အစုပေါ် အမြတ်ငွေကျပ် ၈၁ သိန်း ပေးအပ်၍ အသင်းဝင် ကိုယ်စားလှယ် တစ်ဦးအား ဆီတစ်ပိဿာနှင့် ငွေကျပ် သုံးသောင်းပေးအပ်စဉ်။

အာကာလင်း

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားစျေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီစျေးနှုန်းများ

၇-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီစျေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၀ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၀ | ၁၉၉၅ | ၁၉၇၅ | ၂၀၇၀ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၀ | ၂၀၂၅ | ၂၀၂၅ | ၂၀၄၀ | ၂၂၆၀ | ၂၈၂၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၀၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၄၀ | ၂၃၇၀ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၀၅ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၀၅ | ၂၃၁၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၂၀ | ၂၁၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၆၅ | ၂၃၉၅ | ၂၉၀၀ |
| HSD (10 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၂၀ | ၂၁၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၆၅ | ၂၃၉၅ | ၂၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားစျေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၀ | ၁၉၁၀ |
| 95 Ron | ၁၉၄၆ | ၂၀၁၈ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၆၇ |
| HSD (50 ppm) | ၁၉၇၃ | ၂၀၄၂ |
| HSD (10 ppm) | ၁၉၇၃ | ၂၀၄၂ |

မှတ်ချက်။ (၁) MOPS စျေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၃ ဦးတွေ့ရှိ

(၆ - ၇ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၃၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၉၁,၆၃၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၆၉၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၅၂၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ညောင်ရွှေမြို့နယ်၌ ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ အိုက်စ် ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ အိုက်စ် (မက်သအဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် မွန်းတည့် ၁၂ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မွေးမြူရေးဇုန် (၄) လမ်းဆုံတွင် တောင်ကြီးမြို့ရှောင်လမ်းဘက်မှ ရွှေညောင်မြို့ဘက်သို့ မောင်းနှင်လာသည့် Toyota Hilux Revo မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ အိုက်စ် (မက်သအဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း သိမ်းဆည်းရမိခဲ့သည်။

**ဥပဒေအရ အရေးယူ**

စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို နမ့်စန်မြို့နယ်မှ ကလောမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ၎င်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသုံးပြုခံဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနေဖြင့်အယုံကြည်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အောင်ဇေယျရပ်ကွက်နေ စောနိုင်ဦးသည် ၎င်းအသုံးပြုသည့် "Aung Zay Ya" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ် ရပ်ကွက်နေ လှလှဝင်းသည် ၎င်းအသုံးပြုသည့် "Win Hla Hla" Facebook အကောင့်နှင့် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂) ရပ်ကွက်နေ အောင်ခန့်ဖြိုးသည် ၎င်းအသုံးပြုသည့် "Aung Khant Phyo" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိတ်ပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံတောင်ကြီးမြို့နယ် ပျားစခန်း ကျေးရွာ အရှေ့ဘက် သံတောင်ကြီးပိုင်း အကွက်အမှတ်(၂) ၌ တရားမဝင် ကျွန်းသစ် (၅ ဒသမ ၄၆၈) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၄၄၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဥပဒေနှင့်အညီ အရေးယူ**

ထို့ပြင် ဇူလိုင် ၃ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က တနိုင်းမြို့ ဆွတ်ပိုင်ရပ်ကွက် နန့်ဗျုတ်တား စစ်ဆေးရေးဂိတ်တွင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Toyota Surf မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇူလိုင် ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခွဲသား ၀ ဒသမ ၁၀၁ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၁၉၈၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hyundai Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်းကောင်း၊ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းနဲ့သားဆိုဒ်စုံ ၀ ဒသမ ၄၆၅ တန် အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၁၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် CWD Dump Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) ကို လည်းကောင်း၊ မန္တလေး-ပြင်ဦးလွင်ကားလမ်း မိုင်တိုင်အမှတ် (၁၅/၃) ၌ မော်တော်ယာဉ် သုံးစီးပေါ်မှ ကျွန်းပရိဘောဂ အကြမ်းထည်များ တွေ့ရှိရသဖြင့် မန္တလေးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ပြီး အသေးစိတ် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကဏန်းဆက်တီ အကြမ်းထည်တစ်စုံ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၃၅၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Ad Van Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်းကောင်း၊ ၆ ပေ ဗီရိုလေးလုံးအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ad Van Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်းကောင်း၊ ကျောက်ဖိတစ်ယောက် ထိုင်ခုံ ခြောက်လုံးအပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ad Van Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၄၅၃၄၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထို့ပြင် ဇူလိုင် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့မှ ဖမ်းဆီးအပ်နှံလာသော တရားမဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် သကြားအိတ် ၈၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့နယ် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က မူဆယ်မြို့ သိန်းသန်းချိုကားကွင်းနှင့် မြို့ရှောင်လမ်း ကားလေးကွင်း အနီး၌ စုပုံထားသော တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများအား တွေ့ရှိရသဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ပို့ဆောင်၍ အသေးစိတ် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Infant Light တစ်စုံ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၆၄၂၅၀) နှင့် Toilet နှစ်စုံ အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၇၇၈၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၄၂၀၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးမှုများ ဆောင်ရွက်**

၎င်းအပြင် ဇူလိုင် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံး အတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Fire Hose Reel အခု ၁၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၆၆၄၉၉၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၉၁၄ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၀၄၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၉၅၈ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၄၅ ဒသမ ၁၀၅ တန်၊ တံမြက်စည်း ၃၀၀၀၀ ခု၊ ငှက်ပျောသီး ငါးတန် တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ အသီးများ တန် ၂ ဒသမ ၅၀၊ ကြွေပြား ၈၀၀ စတုရန်းမီတာနှင့် ငါးသေတ္တာဘူးခွံ ငါးတန် တင်သွင်းနိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်း အဓိကတင်ပို့လျက်ရှိသည့် ပို့ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းများမှာ ငါးမျိုးစုံ ၁၅၆၀ ဒသမ ၈၀၃ ဒေါ်လာ၊ တံမြက်စည်း ၀ ဒသမ ၂၀၁၁ ဒေါ်လာနှင့် ငှက်ပျောသီး ၃၀၁၆ ဒသမ ၁၆ ဒေါ်လာဖြစ်သည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ အဓိကတင်သွင်းလျက်ရှိသည့် သွင်းကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းမှာ သစ်သီး ၃၀၀ ဒသမ ၅၁ ဒေါ်လာ၊ ကြွေပြား ၃ ဒသမ ၁၆၀ ဒေါ်လာ၊ ငါးသေတ္တာဘူးခွံ ၂၃၆ ဒသမ ၆၉၇ ဒေါ်လာတို့ ဖြစ်သည်။

မောတောင်နယ်စပ်ဒေသ၌ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နှစ်နိုင်ငံငွေပေးချေမှုအနေဖြင့် ဘဏ်စနစ်အသုံးပြု၍ ကုန်သွယ်မှုပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၃ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ်တစ်သိန်းလျှင် ဘတ် ၁၁၄၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၇ ဒသမ ၇၂ ကျပ်ခန့်ရှိကြောင်း သိရသည်။



DOT (Mawtaung)

# ဆိပ်ဖြူဈေးကွက်သို့ တစ်ပတ်အတွင်း ကြက်သွန်နီငါးသိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူဈေးကွက်သို့ ၂၀၂၃ ခုနှစ် ဇွန် ၂၂ ရက်မှ ၃၀ ရက်အထိ စတုတ္ထပတ်အတွင်း ကြက်သွန်နီကုန်ချိန် ပိဿာ ခုနစ်သောင်းခန့် နေ့စဉ်ဝင်ရောက်ခဲ့ပြီး တစ်ပတ်အတွင်း စုစုပေါင်း ပိဿာချိန် ငါးသိန်းခန့် ကုန်စည်ဒိုင်နှင့် ပွဲရုံများသို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ဇွန်လ စတုတ္ထပတ်အတွင်း ဈေးနှုန်းအနေဖြင့် ကြက်သွန်နီ တစ်ပိဿာလျှင် အမြင့်ဈေးထိပ်စ (ရှယ်) ငွေကျပ် ၁၉၅၀ – ၁၉၃၅၊ အလတ်စ ငွေကျပ် ၁၉၀၀–၁၈၀၀၊ အနိမ့်ဈေး ငွေကျပ် ၁၇၀၀ – ၁၅၀၀ ဈေးနှုန်းအသီးသီးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ ဇွန်လ တတိယပတ်တွင် ကြက်သွန်နီထိပ်စ အမြင့်ဆုံးဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ယခုတစ်ပတ်တွင် ထိပ်စ(ရှယ်)နှင့် အလတ်စ၊ အသေးစတို့မှာ တစ်ပိဿာလျှင် ငွေကျပ် ၅၀ ခန့် ဈေးကျ၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။



ဆိပ်ဖြူမြို့မှ ကြက်သွန်နီများကို ပြည်တွင်းဖြန့်ဖြူးမှုအနေဖြင့် ရန်ကုန် ဘုရင့်နောင်ပွဲရုံနှင့် ရောဝတီတိုင်းဒေသကြီးသို့ တင်ပို့လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် တရုတ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ ဇွန်လ စတုတ္ထပတ်အတွင်း ကြက်သွန်နီ စုစုပေါင်း ပျမ်းမျှပိဿာချိန် ငါးသိန်းခန့်၊ အိတ်ရေအားဖြင့် ၁၆၆၆၇ အိတ်၊ တန်ချိန်အားဖြင့် ၈၁၆ တန်ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း သိရသည်။DOCA (မကွေး)

# ရေစကြိုမြို့နယ်၌ မိုးသီးနှံများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ၂၀၂၃ ခုနှစ် မေလတွင် မိုးသီးနှံများ စတင်စိုက်ပျိုးခဲ့ရာ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မိုးသီးနှံများဖြစ်သည့် မြေပဲ၊ ပဲတီစိမ်း(ပဲနောက်စိမ်း)နှင့် နှမ်းသီးနှံများကို စိုက်ပျိုးရန် ၄၀၆၁၂ ဧက လျာထားပြီး ၃၂၇၇၁ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အနက် ပဲတီစိမ်း(ပဲနောက်စိမ်း)သီးနှံအတွက် စိုက်ပျိုးရန် ၂၉၄၁၂ ဧက လျာထားပြီး ၂၈၈၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရေစကြိုမြို့နယ် ထန်းငယ်တောကျေးရွာအုပ်စု ကွမ်းသီးကန်ကျေးရွာတွင် မိုးသီးနှံမြေပဲ၊ ပဲတီစိမ်း(ပဲနောက်စိမ်း)နှင့် နှမ်းသီးနှံများကို စိုက်ပျိုးကြပြီး ပဲတီစိမ်း (ပဲနောက်စိမ်း)ကို အဓိကအများဆုံး စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးတောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပဲတီစိမ်း(ပဲနောက်စိမ်း) သီးနှံမျိုးများကို အများအားဖြင့် မိုးလေဝသ၊ ရာသီဥတုဒဏ်ခံနိုင်သောဒေသမျိုးများကို အတန်းလိုက် သီးသန့်ဖြင့်လည်းကောင်း၊ တန်းကြားသီးညှပ်ဖြင့်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ယခင်နှစ်တွင် ငွေကျပ် နှစ်သိန်းခန့် ကုန်ကျပြီး ယခုနှစ်တွင် ငွေကျပ် သုံးသိန်းခွဲခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်၌ ပဲတီစိမ်း (ပဲနောက်စိမ်း)တစ်တင်းလျှင် ငွေကျပ် ၄၄၀၀၀မှ ၅၀၀၀၀ အထိဖြင့် ရောင်းချရကြောင်း၊ပဲတီစိမ်း (ပဲနောက်စိမ်း) သီးနှံသည် မိုးလေဝသနှင့်ရာသီဥတုကို မျှော်မှန်းပြီးစိုက်ပျိုးရသောသီးနှံဖြစ်သည့်အတွက် တောင်သူများ၏ အကျိုးအမြတ်အနေဖြင့် မိုးလေဝသနှင့် ရာသီဥတုပေါ် မူတည်နေကြောင်း၊ ယခုလက်ရှိအချိန်တွင် ပဲစိုက်ခင်းများမှာ အဖူးအပွင့်များ စတင်ဖူးပွင့်ကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မုတ်သုံမိုးရွာသွန်းပါက အထွက်နှုန်းကောင်းနိုင်ပြီး တောင်သူများအနေဖြင့်လည်း အကျိုးအမြတ်များစွာရရှိကြောင်း စိုက်ပျိုးတောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ DOCA (မကွေး)



# Wing India 2024 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန်ဖိတ်ကြား

အိန္ဒိယသမ္မတနိုင်ငံအစိုးရ၊ မြို့ပြလေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန အိန္ဒိယလေဆိပ် အာဏာပိုင်အဖွဲ့နှင့် အိန္ဒိယကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က ဦးစီး၍ Wing India 2024 ကို ၁၈-၁-၂၀၂၄ မှ ၂၁-၁-၂၀၂၄ ရက်အထိ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ Begumpet လေဆိပ်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ စီစဉ်စေလွှတ်နိုင်ရေးနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ ပါဝင်တက်ရောက်ပြသနိုင်ရေးအတွက် မြို့ပြလေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားလာသည်။

**ဖလှယ်ဆောင်ရွက်**

အဆိုပါပြပွဲသည် အိန္ဒိယမြို့ပြလေကြောင်း ပို့ဆောင်ရေးကဏ္ဍ၏ လူသိများထင်ရှားသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ပြပွဲများ၊ Static Display များ၊ ကွန်ဖရင့်များ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အမှုဆောင်အရာရှိချုပ်များဖိုရမ်၊ B2B/ G2G အစည်းအဝေးများ၊ ဆုချီးမြှင့်ခြင်းအခမ်းအနား၊ ယဉ်ကျေးမှုဖျော်ဖြေပွဲ၊ စီးပွားရေးချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညစာစားပွဲများ၊ ကျောင်းသူ ကျောင်းသားများ၏ လေ့လာရေးအစီအစဉ်များ စသည့်ကဏ္ဍမျိုးစုံ ပါဝင်မည်ဖြစ်ပြီး လေကြောင်းခရီးသွားလာမှုဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများနှင့် အခွင့်အလမ်းများ၊ အတွေးအခေါ် ထင်မြင်ယူဆချက်များကို ဖလှယ်ဆောင်ရွက်မှုမြှင့်တင်နိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။



# ဒေသထွက် နဂါးမောက်သီးများ စတင်ရောင်းချရ၍ စိုက်ပျိုးသူများဝင်ငွေရရှိ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး လယ်ယာထွက်ကုန်သီးနှံများကို စိုက်ပျိုးကြသကဲ့သို့ ဥယျာဉ်ခြံထွက်သီးနှံများကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးလျက်ရှိသော နဂါးမောက်မျိုး သုံးမျိုးမှာ အပြင်အခွံအနီရောင်နှင့် အတွင်းသား အဖြူရောင်ရှိသော မျိုး၊ အပြင်ခွံအနီရောင်နှင့် အတွင်းသားအနီရောင်ရှိသောမျိုး၊ အပြင်ခွံအဝါရောင်နှင့် အတွင်းသားအဖြူရောင်ရှိသောမျိုးတို့ဖြစ်ကြောင်းသိရသည်။

ကန့်ဘလူမြို့နယ် ဆိတ်ဖူးမြောင်ကျေးရွာ၊ အင်ကြင်းစုကျေးရွာနှင့် အခြားနေရာများတွင် နဂါးမောက်သီးများကို မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရာ ယခုအချိန်သည် နဂါးမောက်သီးများ ခူးဆွတ်ရာသီဖြစ်သောကြောင့် ဈေးကွက်အတွင်း စတင်ရောင်းချနေကြကြောင်း၊ နဂါးမောက်သီးသည် မေလမှအောက်တိုဘာလအထိ (၇-၈) ကြိမ်ခန့် ခူးဆွတ်ရပြီး တစ်နှစ်လျှင် (၅-၆) လခန့် ဝင်ငွေရရှိနိုင်သော စီးပွားရေးတွက်ခြေကိုက်သည့် ဥယျာဉ်ခြံထွက်သီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။ ကန့်ဘလူမြို့ သစ်သီးဈေးကွက်တွင် ရောင်းချနေသော နဂါးမောက်သီး ဈေးနှုန်းများမှာ အသေးတစ်လုံးလျှင် ငွေကျပ် ၅၀၀ နှင့် အကြီးတစ်လုံးလျှင် ငွေကျပ် ၇၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သစ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်ထံမှ သိရသည်။

DOCA (စစ်ကိုင်း)

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ စစ်ဆေးရေးဌာနခွဲ ၊
## သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲနှင့်
## လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် မြေစမ်းသပ်ခြင်းလုပ်ငန်းသုံးပစ္စည်းများ၊ လမ်း/တံတား စစ်ဆေးတိုင်းတာရေးသုံးပစ္စည်းများ၊ Softwareများ၊ ဓါတ်ခွဲခန်းသုံး ပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဌာနဂိုဒေါင်အရောက် အိတ်ဖွင့်တင်ဒါ ခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၁၀-၇-၂၀၂၃ ရက် (တနင်္လာနေ့) |
| ၃။ | တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့် နေ့ရက်နှင့်အချိန် | - | ၂၁-၇-၂၀၂၃ ရက် (သောကြာနေ့) ညနေ (၁၆:၀၀)နာရီ |
| ၄။ | တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက် | - | ၂၄-၇-၂၀၂၃ ရက် (တနင်္လာနေ့) ညနေ (၁၆:၀၀)နာရီ |
| ၅။ | တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - | ၁၄-၈-၂၀၂၃ ရက် (၁၀:၀၀)နာရီ |
| ၆။ | တင်ဒါဖွင့်မည့်နေရာ | - | ရုံးအမှတ်(၁၁)၊ လမ်းဦးစီးဌာန |

၇။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ဆေးရေးဌာနခွဲ၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၉၇၁၀၇၂၅၇၇၁၊ ၀၉-၇၉၇၆၃၂၂၀၁၊ ၀၉-၄၀၁၄၅၂၃၉၄၊ ၀၉-၄၄၂၀၇၆၄၂၃)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**

## လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(၃)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)
## အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/၂၀၂၃-၂၀၂၄) (ရှမ်းမြောက်)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(၃)မှ မိုးမိတ်ခရိုင်အတွင်း ရှိ မြို့နယ်များတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါ အမှတ်စဉ်** | - | ၁/၂၀၂၃-၂၀၂၄ |
| (က) **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၁၂-၇-၂၀၂၃ရက်၊ (ဗုဒ္ဓဟူးနေ့)မှ ၁၈-၇-၂၀၂၃ရက်၊ (အင်္ဂါနေ့)အထိ နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအထိ (ရုံးချိန်အတွင်း) |
| (ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့(၃)၊ ကျောက်မဲမြို့ |
| (ဂ) **တင်ဒါလျှောက်လွှာ ပိတ်မည့် ရက်/အချိန်** | - | ၁၈-၇-၂၀၂၃ရက်(အင်္ဂါနေ့) ညနေ ၁၆:၀၀နာရီအထိ |
| (ဃ) **တင်ဒါဖွင့်လှစ် မည့်ရက်/ အချိန်** | - | ၂၀-၇-၂၀၂၃ရက်၊ (ကြာသပတေးနေ့) နံနက် ၁၀ နာရီ |
| (င) **တင်ဒါဖွင့်လှစ်မည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မိုးမိတ်မြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ ကြီးကြပ်ရေးအဖွဲ့၊ ကျောက်မဲမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉- ၅၂၈၀၃၁၅၊ ၀၉- ၄၃၀၇၃၂၇၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ကျောင်းကုန်း(၂)၊ စူဠာမဏိကျောင်းလမ်း၊ အမှတ်(က/၁၁၅၃)ဟုခေါ်တွင်သော အလျား(၁၈)ပေ x အနံ(ခေါင်းရင်းခြမ်း) ပေ(၅၀)၊ (ခြေရင်းခြမ်း)(၄၈)ပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်နေအိမ်နှင့် ရေလျှပ်စစ်မီတာအပါအဝင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေရှင်(ဦးအုန်းကျော်-ဒေါ်ညွန့်ညွန့်တင်) ကွယ်လွန်ပြီး သားသမီး (၅)ဦးမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး သားသမီးများကိုယ်စား (၁)ဒေါ်ခင်အေးအေး (၇/သဝတ(နိုင်)၀၄၈၇၄၀)၊ (၂) ဦးသန်းကျော်(၁၂/အစန(နိုင်) ၁၂၆၇၈၅)တို့မှ လက်ရှိထားနေထိုင်ကာ တရားဝင်စီမံခန့်ခွဲရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုလျက် ၎င်းတို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးသောင်းထွန်း (၁၂/အစန(နိုင်)၁၂၂၂၄၇)က ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါနေအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်လင်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၉၀)**
**တိုက် (၂၇)၊ အခန်း (၁၀၂)၊ ကျန်စစ်မင်းအိမ်ရာ၊ လှိုင်သာယာ(အရှေ့ပိုင်း)**
**မြို့နယ်၊ ဖုန်း-၀၉-၂၅၃၈၀၇၄၁၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၅၇၂၄၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဦး ၁၀/မလမ (နိုင်)၁၅၆၁၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၂၃၃၆၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဦး ၁၀/မလမ (နိုင်)၁၅၆၁၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်နေ ဦးစံရွှေ၏သား မောင်သန်းထိုက်ကျော် ပတ်စ်ပို့ နံပါတ် MD-778983 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၉၇၇၃၃၈၄၈၃**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမက(၂) တာမွေ Grade-8မှ မောင်အောင်ခေတ်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး ၁၂/တမန(နိုင်) ၁၁၁၅၁၅ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ထွေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ၈/ဒက္ခိဏသီရိအလယ်ရပ်ရှိ အလျားပေ ၈၀x အနံပေ ၈၀၊ ဧရိယာ(၀.၁၄၆)ဧက ကျယ်ဝန်းသောမြေကွက်အမှတ်(ဒ-၃၀၆၁၇) သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်နုနုခိုင်(၅/ကဘလ(နိုင်)၁၃၆၅၀၀)အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ချထားပေးသောမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ RC တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ဒေါ်နုနုခိုင်ထံမှ စာချုပ်ချုပ်ဆိုဝယ်ယူ လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရွှန်းလဲ့ မွန်ဆွေ (၁၂/ဥကမ(နိုင်)၁၇၉၉၁၅)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးမြင့်သိန်းထွန်း (၅/ရဥန(နိုင်)၀၁၂၉၉၀)က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများပြသ၍ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်သိန်းထွန်း(၅/ရဥန(နိုင်)၀၁၂၉၉၀)၏ လွှဲအပ်ချက်အရ-**
**ဦးမင်းစိုး(LL.B) ၊(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၅၂၄၁)**
**အောင်မင်္ဂလာ(၂)လမ်း၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၃၀၂၀၂၉၁၊ ၀၉-၉၄၃၀၂၀၂၉၁**

## ၂၈-၆-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ ဒေါ်လင်ဝဟာ(၁၂/လသန (နိုင်)၀၀၈၁၈၀)နှင့် တရားလွှတ်တော်ရှေ့နေ "ဦးအုန်းဟန်တို့၏ ပန်းသုံးပွင့်အစုစပ်လုပ်ငန်း၏ အစုဝင်များ၊ ဆက်ခံသူများနှင့်အများသိစေရန် ကြေညာချက်" နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြေတိုင်းအမှတ်(13F-3)၊ မြေကွက်အမှတ်(Northern 1/2, Southern 1/2)၊ ပေ (၅၀x၄၀)မြေ ကွက်တည်နေရာ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ (၂၇၅/၂၇၇)နေသူ ဒေါ်အန်ဟာ ၁၂/ကတတ(နိုင်)၀၁၉၁၅၉ ၏ GP ဦး စိန်ထွန်းအောင်၏ ညွှန်ကြားချက်အရ ဒေါ်လင်ဝဟာ၏ မဟုတ်မမှန်ကြေညာချက်ကို ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။ ဒေါ်အန်ဟာလက်ရှိနေထိုင်သောအထက်ရည်ညွှန်းလိပ်စာရှိမြေကွက်နှင့် အိမ်အပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်အန်ဟာ၏ခင်ပွန်း ဦးတင်ဝင်းက မိမိတစ်ဦးတည်းပိုင်ငွေဖြင့် (၁-၁၀-၁၉၇၃)ရက်တွင် မှတ်ပုံတင် အရောင်းဝယ်စာချုပ်(၁၁၈၇/၇၃)ဖြင့် ဝယ်ယူပြီးမြို့မြေစာရင်းတွင် (၁) ဦးတည်း တရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်လာခဲ့၍ ၎င်းကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူဒေါ်အန်ဟာက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာခဲ့သော ပစ္စည်းဖြစ်ပါသည်။ ဦးတင်ဝင်းပါ (၇)ဦးတို့ ချုပ်ဆိုခဲ့သော(၂၀-၁-၁၉၇၈)ရက် မှတ်ပုံတင်အစုစပ်စာချုပ် (၄၆၀/၇၈)ပါ စည်းကမ်းချက်များကိုဆန့်ကျင်၍ (၁-၁-၁၉၇၉)ရက် စာချုပ်သစ်ချုပ်ဆိုခြင်းနှင့် မှတ်ပုံမတင်ထားသော ထိုစာချုပ်ကိုအခြေခံပြီး တောင်းဆိုခြင်းတို့သည် အစုစပ်လုပ်ငန်းဥပဒေနှင့်မညီသည့် အပြင် လုံးဝလက်ခံနိုင်စရာအကြောင်းမရှိပါ။ မှတ်ပုံတင် အစုစပ်စာချုပ်(၄၆၀/၇၈)အရ ဦးတင်ဝင်း ပါ(၇)ဦးတို့ ချုပ်ဆိုလုပ်ကိုင်ခဲ့သည့် ၎င်းလုပ်ငန်းမှာလွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ကတည်းကပင် မတည်ရှိတော့ပါ။ (၁၉၇၈)ခုနှစ် အစုစပ်လုပ်ငန်းစတင်မလုပ်ကိုင်ခင် (၅)နှစ်ခန့်စော၍ ဦးတင်ဝင်းက ထိုမြေနှင့်အိမ်ကို (၁)ဦးတည်းဝယ်ယူ၍ မြေအမည်ပေါက်ထားပြီး လက်ရှိထားနေထိုင်ပြီးဖြစ်ပါသည်။ အစုရှင်(၇)ဦးတို့အားလုံးပါဝင်သဘောတူချုပ်ဆိုခဲ့သော (၄၆၀/၇၈)မှတ်ပုံတင်အစုစပ်စာချုပ်တွင် အစုရှင်ဦးတင်ဝင်းက (၁)ဦးတည်းပိုင်ဆိုင်ကြောင်း အတိအလင်းဖော်ပြချုပ်ဆိုထားသည်ကို ဒေါ်လင်ဝဟာတို့ သိပါလျက် ဒေါ်အန်ဟာပိုင်မြေနှင့် "အိမ်ကိုအစုဝင်များ၏ငွေဖြင့် ဝယ်ယူသည်။ အစုဝင်များ၏သဘောတူညီချက်မရှိဘဲ ဝင်ရောက်နေထိုင်သည်"ဟု ဒေါ်လင်ဝဟာက မမှန်မကန်ကြေညာခြင်းကို လုံးဝကန့်ကွက်ပါသည်။ ဒေါ်လင်ဝဟာက ၎င်းကြေညာချက်ကို(၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်း၍ဒေါ်အန်ဟာကို ဝန်ချတောင်းပန်ရန်တောင်းဆိုလိုက်သည်။ (၁၉၇၃)နှစ်မှစ၍ ဦးတင်ဝင်းနှင့်ဇနီး ဒေါ်အန်ဟာတို့သည် မိမိတို့၏တရားဝင်ပိုင်ရေးပိုင်ခွင့်အရ နှစ်ပေါင်း(၅၀)ကျော်လက်ရှိထားအသုံးပြုနေထိုင်လာခဲ့သော ၎င်းမြေနှင့်အိမ်မှာ ဒေါ်အန်ဟာသည်သာလျှင် တရားဝင်ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဒေါ်အိစန္ဒီစိုး LL.B;D.B.L,D.I.L (စဉ်-၉၅၃၀/၂၀၁၃)** | **ဒေါ်လဲ့လဲ့ရီB.A;LL.B;D.B.L,D.M.L (စဉ်-၂၄၁၀/၁၉၈၃)** |
| **ဒေါ်ဆုမွန်ဆွေLL.B;D.B.L (စဉ်-၁၂၈၁၈/၂၀၁၇)** | **အမှတ် ၇၂၊ မြေညီထပ်၊ ခေါင်းရင်းခန်း၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| **ဒေါ်နုနုခိုင် LL.B;D.B.L,D.I.L (စဉ်-၁၂၉၂၄/၂၀၁၇)** | **ဖုန်း-၀၉-၅၀၅၉၃၂၂** |

## MANDALAY BEVERAGES ENTERPRISE COMPANY LIMITED မှ ထုတ်လုပ်သည့် ဖောင်းကြွ(အသားတံဆိပ် )ပါ ဖန်ပုလင်း၊ ကော်ပုလင်းများနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၈ လမ်း၊ ၈၆ လမ်းထောင့်ရှိ MANDALAY BEVERAGES ENTERPRISE COMPANY LIMITED ၏အထွေထွေမန်နေဂျာ ဦးမြဇော်ဌေး(ဘ)ဦးသန်းလှိုင် (၉/မနမ(နိုင်)၀၈၄၄၆၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-






ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြဇော်ဌေးသည် အထက်ဖော်ပြပါ MANDALAY BEVERAGES ENTERPRISE COMPANY LIMITED နှင့် MBE အမည်များဖြင့် ဖောင်းကြွ (အသားတံဆိပ် ) ကုန်အမှတ်တံဆိပ်ကို MANDALAY BEVERAGES ENTERPRISE COMPANY LIMITED ၏ တစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ၃-၄-၂၀၂၃ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်(၁၁၉၇)နှင့် (၁၁၉၈)တို့အရ တရားဝင်မှတ်ပုံတင်သွင်း ထားရှိခဲ့ပါသည်။

အထက်ဖော်ပြပါ MANDALAY BEVERAGES ENTERPRISE COMPANY LIMITED နှင့် MBE အမည်များဖြင့် ဖောင်းကြွ (အသားတံဆိပ် )များသည် MANDALAY BEVERAGES ENTERPRISE COMPANY LIMITED မှ ထုတ်လုပ်သည့် ထုတ်ကုန်အမျိုးမျိုးကို ထည့်သွင်းအသုံးပြုရန် ထုတ်လုပ်ထားသည့် ဖန်ပုလင်း၊ ကော်ပုလင်းများတွင် ရိုက်နှိပ်ရန် မိမိတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ထားသော အမှတ်တံဆိပ်များဖြစ်ပါသည်။

အထက်ပါ MANDALAY BEVERAGES ENTERPRISE COMPANY LIMITED နှင့် MBE အမည်များပါ ပုလင်းအလွတ် များအား ဈေးကွက်မှတစ်ဆင့် ပြန်လည်ကောက်ယူပြီး အခြားသူများက မိမိတို့၏ ကိုယ်ပိုင်တံဆိပ် ၊ အမည်များကပ်၍ ဖြန့် ဖြူးရောင်းချလျက်ရှိကြောင်းကိုလည်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို ကျွန်ုပ်တို့မိတ်ဆွေ၏ အမှတ်အသားတံဆိပ်ရိုက်နှိပ်ထားသည့် ပုလင်းခွံအလွတ်များကို ဈေးကွက်မှ ကောက်ယူပြီးလည်းကောင်း၊ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်၍လည်းကောင်း၊ မိမိတို့၏ ကုန်စည်အမျိုးမျိုးကို သွပ်သွင်းထုတ်လုပ်ရောင်းချခြင်းများ မပြုလုပ်ရန် ပြင်းထန်စွာသတိပေးအပ်ပါသည်။ ထို့ပြင် MANDALAY BEVERAGES ENTERPRISE COMPANY LIMITED မှ ထုတ်လုပ်သည့် ပုလင်းများအား ဆက်လက်အသုံးပြုဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုက်လံတုပသုံးစွဲနေသော လုပ်ငန်းများကိုလည်း ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြင်းထန်စွာသတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဆွေသန့်ဝင်း (LL.B)** | **ဦးပြည့်ဖြိုးမောင်(LL.M)** | **ဦးကျော်ထက် (LL.B)** |
| **စဉ်-၁၂၇၁၆/ ၂၀၁၇** | **စဉ်- ၁၀၅၆၇/၂၀၁၅** | **စဉ်-၁၄၁၆၈/၂၀၁၈** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးခန်း-အိမ်အမှတ် ၁၅/၂၊ ၆၃(အေ)၊ ၂၇x၂၈ လမ်းကြား ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၂၇၇၃၁၁၇၊ ၀၉-၄၀၀၀၀၃၈၂၁၊ ၀၉-၇၉၇၈၁၂၄၀၃**

## ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ အကွက်အမှတ်(၈၃)၊ မရမ်းချောင်း အနောက်အကွက်၊ ဦးပိုင်အမှတ်(၅၆ᵇ၊ ၅၇ᵇ)၊ မြေဧရိယာ ၀ဒသမ ၁၉၆ ဧကအနက်မှ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်အား အရှေ့ဘက်- ဦးပိုင်အမှတ် (၅၇ᵏ)၊အနောက်ဘက်-ဦးပိုင်အမှတ်(၅၆ᵏ)၊တောင်ဘက်-သထုံဘားအံကားလမ်း၊ မြောက်ဘက်-ဦးပိုင်အမှတ်(၄၈ᶜ၊၄၈ᵍ)ရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဒေါ်တင်စန်းဦး(ခ)ဒေါ်တင်တင်စန်းမှ လျှောက်ထားလာသည့်အတွက် ဒေါ်တင်စန်းဦး(ခ) ဒေါ်တင်တင်စန်း အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ရက်နေ့ မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ သထုံမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၁၄)ရှိ (၈)ထပ်တိုက် အဆောက်အဦမှ ပထမထပ် (၂)လွှာ၊ အကျယ်အဝန်း(၂၃ပေ×၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင်၍ လက်ရှိထားစီမံခန့်ခွဲလျက်ရှိသည်ဟု အဆိုပြုဝန်ခံသူ ဦးအောင်နိုင်မိုး (၉/ကပတ(နိုင်)၁၆၅၃၄၃)ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ ရောင်းဖိုးငွေအချို့အား ပေးအပ်ထားပြီး ဖြစ်ပါသည်။

ထိုတိုက်ခန်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်မှုရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများနှင့် ယနေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဇော်ဟိန်း (LL.B.,D.I.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၇၇)
အမှတ် (၁၂)၊ ပထမထပ်၊ ဗားကရာတောရလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၂၅၃၃၂၇၀၆၁

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၇-၂၀၂၃ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၀) ကညန(နေပြည်တော်ရုံး)၏ မော်တော်ဆိုင်ကယ်အမှတ် 51W/ 81944 မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ဦးကျော်သူရခိုင် အစား ဦးကျော်သူရနိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/21881, Honda Scoopy-110, M/C ယာဉ်လက်ဝယ်ရှိသူ Thein Htet Kyaw Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/34884, Yunde 110, ယာဉ်လက်ဝယ်ရှိသူ ဦးဝေမိုး ၉/ခအဇ(နိုင်)၀၃၃၀၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တည်ဆောက်မည့် စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ ဆော်လော်နောက်ကုန်းကျေးရွာတွင် ပြန်လည်ထူထောင်ရေး နေအိမ် (၅၉)လုံး ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၁-၇-၂၀၂၃ရက်မှ ၇-၈-၂၀၂၃ရက် အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၈-၈-၂၀၂၃ရက်ညနေ ၄:၀၀နာရီနောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။ နည်းပညာအဆိုပြုလွှာပါ စာရွက်စာတမ်းများ ဖွင့်ဖောက်စိစစ်အမှတ်ပေးခြင်း ဆောင်ရွက်မည့်ရက်စွဲကို ကြိုတင်အကြောင်းကြားပေးပါမည်။

၃။ တင်ဒါတင်သွင်းလိုသူသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အိုးအိမ်ဝန်ထမ်းအိမ်ရာအနီး၊ သစ်တောပျိုးဥယျာဉ်အရှေ့ဘက်၊ မုံရွာမြို့တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်များ သိရှိလိုပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးဖုန်း- ၀၇၁-၂၃၂၂၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ- ၃၇၃) ပြည်ခရိုင်တရားရုံး ၂၀၂၃ ခုနှစ်၊ တရားအသေးအဖွဲ့မှုအမှတ်- ၁၁

(ကွယ်လွန်သူ ပေါက်ခေါင်းမြို့၊ ထိန်တောကျေးရွာ၊ ထိန်တောဘုန်းကြီးကျောင်းတွင် နေထိုင်သော ဆရာတော် ဘဒ္ဒန္တတိလောက၌ ကျန်ရစ်သောပစ္စည်းအကြောင်း)

ဉူးပဏ္ဍိစ္စ ၇/ရတန(သ)၀၀၀၇၃၅၊ ပေါက်ခေါင်းမြို့၊ ထိန်တောဘုန်းကြီးကျောင်းနေ ကွယ်လွန်သူ ဉူးဘဒ္ဒန္တတိလောက၏ တပည့်အရင်းအဖြစ် သာသနာ့တာဝန်အား ဆက်ခံတာဝန်ထမ်းဆောင်ရသော လျှောက်ထားသူမှာ ကွယ်လွန်သူ ဉူးဘဒ္ဒန္တတိလောက ကျန်ရစ်သော ပြည်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၌ ကျန်ရှိသည့် ငွေကြေးများထုတ်ယူရန်အတွက် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့ လျှောက်ထားချက်ကို အများသူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဉူးဘဒ္ဒန္တတိလောက ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူ လူဟူသမျှ တို့သည် ဤရုံးသို့ ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၀ရက်၊ (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆို လဆန်း ၃ရက်) နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဉူးပဏ္ဍိစ္စ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်/မရသင့် သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(နံ့သာနွေးနွေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြည်ခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဇီးတောကျေးရွာအုပ်စု၊ ဆိတ်ဖူးကျင်းကျေးရွာနေ (ဘ)ဦးစံငြိမ်း၏သား ကျွန်တော် မောင်ပြည့်စုံအောင် ၈/တတက(နိုင်)၂၆၇၂၁၉ ၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ် ME-514594)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၄၉၇၇၄၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5654,Toyota Hilux Surf KDN 125, Station Wagon (4X4)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွဋ် ၁၂/တတန(နိုင်)၁၀၀၂၈၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/69520, Honda Scoopy -110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၃၀၈၆၀ ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/29940,Honda Scoopy-110, M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ စတားစီးတီး (ကြယ်စင်အိမ်ရာဝင်း)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ် ၁၄တွင် တည်ရှိသော ရိုးမဘဏ်လီမိတက် (ရိုးမဘဏ်) (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၉၃၇၇၁၉၄၇) သည် ရန်ကုန်မြို့ရှိစာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါအမှတ်တံဆိပ်၊ အမည်နှင့် စာတမ်းအမှတ်အသားများအား မှတ်ပုံတင်ထားရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ၎င်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများအား လုပ်ကိုင်လျက်ရှိပါသည်-

YOMA BANK

ကျွန်ုပ်တို့၏ ရိုးမဘဏ်သည် ၁၉၉၃ ခုနှစ်မှစတင်၍ ကျင့်ဝတ် မှန်ကန်သော ဘဏ်တစ်ခုအဖြစ် ရပ်တည်နေပြီး ယနေ့အထိကောင်းမွန်သောဂုဏ်သတင်းများဖြင့် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်ပါသည်။ ယခုအခါတွင် မသမာသူလူတချို့သည် အထက်ဖော်ပြပါ ရိုးမဘဏ်၏ အမှတ်တံဆိပ်၊ အမည်၊ စာတမ်းအမှတ်အသားများကို ရိုးမဘဏ်၏ ဝန်ဆောင်မှုရယူသူများအား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် မှိုငြမ်းတုပပြီး အီလက်ထရောနစ်နည်းပညာနှင့် ဆက်သွယ် ရေးနည်းပညာကို အသုံးပြု၍ လူမှုကွန်ရက်များ (Facebook/ Viber/ Telegram အစရှိသည့်)တွင် Account အတုများ၊ Facebook Page အတုများပြုလုပ်၍ ရည်ရွယ်၍ ငွေကြေးလိမ်လည်ခြင်းများ၊ အလွဲသုံးစားပြုခြင်းများအား လုပ်ဆောင်နေကြောင်း သိရှိရသည့်အတွက် အဆိုပါလုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့ ရိုးမဘဏ်နှင့် လုံး၀(လုံး၀)သက်ဆိုင်ခြင်းမရှိပါ ကြောင်း အများပြည်သူများ သိရှိနိုင်ပါစေရန် အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့ ရိုးမဘဏ် ၏ အမှတ်တံဆိပ်၊ အမည်နှင့် စာတမ်းအမှတ်အသားများ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူရိုးမှားပြုလုပ်၍သော်လည်းကောင်း၊ တုပခြင်း၊ ဖော်ပြခြင်း၊ သုံးစွဲခြင်းများမပြုလုပ်ရန်နှင့် ထိုကဲ့သို့ ဥပဒေနှင့်မညီသောဆောင်ရွက်မှုများအား ပြုလုပ်ထားပါကချက် ချင်းရပ်တန့်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍လိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခြင်းများဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ကျွန်ုပ်တို့ရိုးမဘဏ်၏ နစ်နာဆုံးရှုံးမှုများအတွက်ကိုပါ တရားစွဲဆိုတောင်းဆိုသွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိနိုင်စေရန် သတိပေးကြေညာအပ်ပါသည်။

**ရိုးမဘဏ်လီမိတက်**
**အမှတ် ၁၄၊ ကျိုက်ခေါက်ဘုရားလမ်း၊ စတားစီးတီး (ကြယ်စင်အိမ်ရာဝင်း)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အမည်ပြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်နေ ဦးမျိုးဝင်း-ဒေါ်သန္တာအေးတို့၏သမီး Genius Grade -9 မှ မသင်းသက်သက်စံအား မသင်းကျော့ဇင်နှင့် Genius Grade -2 မှ မပြည့်စုံဖူးချစ်အား မဖြိုးထက်ထက်ခင်ဟု ခေါ်ဆိုပါရန်။

**မသင်းကျော့ဇင်၊ မဖြိုးထက်ထက်ခင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အမှတ် ၃၅၊ ဘုရားကြီးစံပြကျေးရွာ၊ ဘုရားကြီးတောင်ပိုင်း၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ဒလ-ကော့မှူးကားလမ်းမကြီးဘေးတွင် Etermal Plus Purified Drinking Water သောက်ရေသန့် အမည်ဖြင့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ သောက်ရေသန့် စက်ရုံများမှ အမည်တူ ရှိနေပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက သောက်ရေ သန့် ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးမှူးဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲရင့်ဦး ၁၂/တတန(နိုင်)၂၀၉၈၁၄ ဖုန်း-၀၉-၂၅၁၂၉၄၉၀၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်မျိုးအောင် ၅/ခဉတ(နိုင်)၀၉၆၁၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၇) ရပ်ကွက်၊ သောင်ကြီးတောင်(၁)တိုးချဲ့၊ တေးဥယျာဉ် ၄လမ်း၊ အမှတ် ၅၉ ဟုခေါ်တွင်သော မြေကွက်အလျား ပေ(၄၀)X အနံပေ(၆၀) အနက်မှ အလျား ပေ(၂၀) X အနံ ပေ(၆၀) အကျယ်အဝန်းရှိသော မြေကွက်အပါအဝင် ယင်းခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် မြေယာပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ပေ(၂၀) X ပေ(၆၀)မြေကွက်ကို မူလအမည်ပေါက် ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးဝင်းငယ် ၁၂/ လသယ(နိုင်)၀၀၆၉၅၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်မျိုးအောင်မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ် ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်မျိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနောင်ထွန်း ( LL.B )**
**အထက်တန်းရှေ့နေ(စဉ်-၅၃၀၀၅)**
**အမှတ် ၁၈၊ သင်္ဂဟလမ်း၊ (ဃ)ရပ်ကွက်**
**သဃ်န်းကျွန်း မြို့နယ်၊**
**ဖုန်း-၀၉-၂၅၄၆၀၈၅၆၇**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုအောက်ရှိပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာလျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| (က) အခွန်ကောက်-၅(ဈေး) လစာနှုန်း(၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁ ဦး | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ |
| (ခ) ရုံးအကူ လစာနှုန်း(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁ ဦး | အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ |
| (ဂ) အစောင့် လစာနှုန်း(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁ ဦး | ရေးတတ်/ဖတ်တတ်မှ အခြေခံပညာအလယ်တန်း အဆင့်ထိ တတ်မြောက်သူ |
| (ဃ) လုပ်သား-၃ လစာနှုန်း(၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၆ ဦး | ရေးတတ်/ဖတ်တတ်မှ အခြေခံပညာအလယ်တန်း အဆင့်ထိ တတ်မြောက်သူ |

၂။ အထက်ဖော်ပြပါရာထူးနေရာများတွင် လျှောက်ထားလိုသူများသည် (၂၂-၈-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။သတ်မှတ်ရက် ကျော်လွန်သောလျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်းအမှတ် ၀၅၃-၂၀၄၅၂၀၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပေါက်ခေါင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ မြေကွက်အမှတ်(ဥ-၆၀၂၂)၊ အကျယ်အဝန်း ပေ(၈၀x၈၀)၊ ဧရိယာ(၀.၁၄၆)ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဂရန်အမည်ပေါက် ဦးဝင်းနိုင်(ဘ)ဦးညွန့်အောင်(၅/စကန(နိုင်)၀၄၈၈၃၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ် ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောမြေပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇)**
**အမှတ်(၂၆၆၁)၊ ဒေါနလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၁၁၂၂၄၀၊ ၀၉-၆၉၇၈၁၆၆၀၀**

## ဖခင်အမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက(အင်ကုန်း)Grade- 3မှ မောင်ဂျွန်စစ်လင်း၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းဘို ၇/ဖမန(နိုင်)၁၁၀၁၁၆ ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်းဘို**

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ မောင်ဇေယျာထွန်း (ဘ)ဦးရွှေမြင့် ၁၂/လသယ(နိုင်) ၀၉၄၈၈၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် MC 237292 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၃၆၂၁၂၄၁**

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက-၂ Grade-11မှ မရွှေဇင်ဌေး၏ ဖခင် ဦးလှမောင်၏ အမည်မှန်မှာ ဦးပါဒွေ ၁၁/မဥန(နိုင်)၀၆၅၃၄၁ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မြောက်ဦးမြို့၊ အထက-၂ Grade-11မှ မောင်ခိုင်ဇော်အောင် Gread- 9 မှ မမြအိဇံ Grade-3 မှ မောင်နိုင်လင်းအောင်တို့၏ ဖခင် ဦးအောင်နိုင်ဦး၊ နိုင်နိုင်အမည်မှန်မှာ ဦးအောင်နိုင်စိုး ၁၁/မဥန(နိုင်)၀၅၆၈၈၄နှင့် မိခင် ဒေါ်မိုးဝါ(ခ)ဒေါ်မိုးမိုးဝါ ၁၁/စတန(နိုင်)၀၆၈၈၀၂ တို့ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/96166, Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသူ ၁၄/ဟသတ(နိုင်) ၂၃၇၂၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/38855,Suzuki Smash 110 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းမြင့် ၁၄/လမန(နိုင်)၀၇၃၆၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၁၅၅၂၃ ,Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ ဦးပေါဦးလမ်း၊ မြေကွက်အမှတ် (၉၆၅)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးဟန်သိန်း (ဒုအရာခံဗိုလ်) (ISN- ၄၀၄၆၁၀) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၉၆၇)နှင့်ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဇင်မာလင်း (၇/ကဝန (နိုင်) ၀၉၄၁၄၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ် ၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၂)၊ မြေကွက်အမှတ်(၅၅၀)၊ မြေအမျိုးအစား(ပါမစ်မြေအမျိုးအစား)၊ မြေအကျယ်အဝန်း(အလျားပေ ၄၀xအနံပေ ၆၀)၊ (၂၄၀၀)စတုရန်းပေရှိသည့် ဦးသိန်းတင် ၁၂/လမန(နိုင်)၀၂၂၄၆၁ အမည်ဖြင့် ချထားပေးသော မြေချပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဦးသိန်းတင်ထံမှ အရပ်ကတိစာချုပ် အစဉ်အဆက်ချုပ်ဆို၍ လက်ရှိထားပိုင်ဆိုင်သူဟု အဆိုပြုသူ ဒေါ်ဟူရှုန်းရီ ၁၃/မဆတ(နိုင်)၀၃၂၃၈၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်အတွက်သဘောတူညီပြီး "၃၀–၆–၂၀၂၃ ရက်စွဲ ပါနှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ကို ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သော မြေကွက်၏တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်အကြောင်း တစ်စုံတစ်ရာရှိပါက ခိုင်မာသောပိုင်ဆိုင်မှုစာချုပ် စာတမ်း/စာရွက်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်ကာ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေသဇင်ဖူး ( LL.B , LL.M ) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၇၃၃/၂၀၁၉)**
**အမှတ်( ၁၀၈၅ )၊ ထူပါရုံ(၃)လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉–၇၉၃၅၃၇၀၇၈၊ ၀၉–၄၂၁၀၂၆၉၀၅**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ် ၂၅–လမ်း၊ ၄x၅ လမ်းကြားရှိ အကွက်အမှတ်–ဝ/၁ (ရွှေမင်းဝံရပ်)၊ ဦးပိုင်အမှတ်–ခ/၅၀၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧက အကျယ်အဝန်းရှိသော မြေကွက်မှာ လွန်ခဲ့သော (၃၂)ခန့်က ဒေါ်ကျော့ထံမှ ဒေါ်အေးအေးသိန်း (ဘ)ဦးသိန်းအောင် ၉/အမရ(နိုင်)၀၃၉၂၆၄ က ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယင်းဝယ်ယူစဉ်အချိန်ကတည်းမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသိန်းမှ ၎င်းဝယ်ယူခဲ့သည့် စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ် ၂၅ လမ်း၊ ၄x၅လမ်းကြားရှိ အကွက်အမှတ်–၁/၁ (ရွှေမင်းဝံရပ်)၊ ဦးပိုင် အမှတ်–ခ/၅၀၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧက အကျယ်အဝန်းရှိသော ဝိုင်းမြေကွက်အား ဒေါ်အေးအေးသိန်းအမည်ပေါက် နှစ်(၃၀)ဂရန်အား လျှောက်ထားရယူခဲ့ပြီး ဝယ်ယူခဲ့သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဒေါ်အေးအေးသိန်း အမည်ပေါက်ပိုင်ဆိုင်သည့် ဝိုင်းမြေကွက်ဖြစ်ကြောင်း အဆိုပါဝိုင်းမြေကွက်အား ယနေ့ထိတိုင် လက်ရှိထား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာဇာမင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၈၁၈)**
**နယ်မြေ(၅)၊ မိုးဇာရပ်၊ စစ်ကိုင်းမြို့၊**
**ဖုန်း–၀၉–၄၀၀၄၆၃၄၀၄**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ဒေါ်နန်းထက်ထက်ဆောင်းဝေ ၁၀/မလမ(နိုင်)၂၄၉၈၂၉ ၏ ဖခင် ဦးစိုင်းအုန်းသွင်နှင့် ဦးအုန်းသွင်၊ ၎င်း၏ မိခင်ဒေါ်မြမြညွန့်နှင့် ဒေါ်မြညွန့် တို့သည် လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/79599 Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်စိုး ၇/နတလ(နိုင်) ၀၀၆၉၆၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လျှောက်လွှာခေါ်ခြင်း

၁။ အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်

| စဉ် | ရာထူး(လစာနှုန်း) | လစ်လပ်ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ရုံးအကူ (၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) | ၁ | အခြေခံပညာ အထက်တန်း အဆင့်အောင်မြင်ပြီးသူ |
| ၂။ | လုပ်သား(၃) (၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) | ၁ | ရေးဖတ်မှုအခြေခံ ပညာ အလယ်တန်း အဆင့်အထိ တတ်မြောက်သူ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများတွင် လျှောက်ထားလိုသူများသည် ၃၁–၇–၂၀၂၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သော လျှောက်လွှာများအား လက်ခံမည်မဟုတ်ဘဲ အသေးစိတ် အချက်အလက်များအား အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ကြော်ငြာသင်ပုန်းတွင် လာရောက်ကြည့်ရှုမေးမြန်းနိုင်ပါသည်။

**အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးထွန်း(ခ)Sensei ၅/မမတ(နိုင်)၀၈၇၅၇၁ Managing Director of Kimono Japanese Language School ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်

ဒေါ်ခင်မျိုးထွန်း(ခ)Sensei နှင့် Kimono Japanese Language School တို့၏ အမည်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောအခြားမည်သည့် နည်းလမ်းများနှင့်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေသော ညိုးနွမ်းစေသော မည်သည့်အရေးအသား၊ အပြုအမူဖော်ပြချက်တစ်စုံတစ်ရာကိုမဆို ၎င်းနှင့်ပတ်သက်သော အသိုင်းအဝိုင်းပတ်ဝန်းကျင်တွင်ဖြစ်စေ Facebook စာမျက်နှာပေါ်လည်းကောင်း၊ Facebook Comment များတွင်လည်းကောင်း၊ Messenger, Viber အစရှိသော ဆက်သွယ်မှုကွန်ရက်များမှလည်းကောင်း၊ ရိုင်းစိုင်းသော အပြောအဆိုများ၊ မဟုတ်မမှန်သောရေးအသားများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရေးသားခြင်း၊ လူမှုရေးWebsiteဂျာနယ်၊ သတင်းစာမျက်နှာတစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ ဖန်တီးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ခြင်းများကို တွေ့ရှိပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းယုယုအောင် (LL.B, D.B.L D.I.L)** | **ဒေါ်ခင်လေးမွန် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၉၆၅)** | **အထက်တန်းရှေ့နေ (စဉ်–၅၁၆၈၂)**
**NY (Myanmar) Legal Consultant Service Company Limited**
**တိုက်အမှတ်(N–1)၊ အခန်းအမှတ်(၃၀၃)၊ လေးထောင့်ကန်လမ်းမကြီး၊**
**တာမွေမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း – ၀၉–၇၇၇၂၂၀၀၄၀၊ ၀၉–၂၆၁၄၈၀၀၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂ သမိုင်း၊ မြေကွက်အမှတ် ၂၁/က၊ ဧရိယာ ၀ ဒသမ ၀၅၂ဧက၊ မြေကွက်တည်နေရာအမှတ်(၂၁/က)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (လင်ချိန်တင် (ခ) ဦးစိန်တင်) အမည်ပေါက် ၁၂/လမတ(နိုင်)၀၂၈၈၁၉ မြေအား အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်လင်ချိန်တင် (ခ) ဦးစိန်တင် (ဖခင်) သည် ၁၃–၃–၂၀၀၃ရက်တွင်လည်းကောင်း၊ ဒေါ်ခင်စိန်(မိခင်)သည် ၇–၄–၂၀၁၅ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားသဖြင့် ဒေါ်စီစီလေး ၁၂/ဗဟန (နိုင်)၀၇၄၄၅၆၊ ဒေါ်ရှုတီ(ခ)ဒေါ်တီတီလေး ၁၂/လမတ(နိုင်)၀၀၇၃၃၀၊ ဦးဝင်းနိုင်(ခ)ဦးလှမြင့် ၁၂/လမတ(နိုင်)၀၀၆၇၁၃၊ ဒေါ်မီမီလေး ၁၂/လမတ(နိုင်)၀၀၂၅၂၆ တို့မှ သားသမီးများတော်စပ်ကြောင်း မိမိတို့မောင်နှမလေးဦးအပြင် အခြားသော မွေးချင်းများမရှိကြောင်း၊ ကတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ မိမိတို့ လေးဦးသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် ၄၉၅/၂၀၂၂(၁၂–၁၀–၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Zibo NAB Agrochemicals Limited မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါစိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Topagri Myanmar Co.,Ltd မှ Aventine Limited သို့ ဖြန့်ဖြူးခွင့် လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်–

**Aventine Limited. Ph–09401573814**

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1 | NAB–Oxy 23.5 EC | Oxyfluorfen 23.5% EC | F2021–3251 |
| 2. | NAB–Canna | Fludioxonil 1.1% + Metalaxyl–M 1.7% + Thiamethoxam 22.2% FS | P2023–4967 |

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ ) ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော် ၂၀ ၂၃ ခုနှစ် တရားမကြီးမှုအမှတ် ၅၇

ဦးညွန့်ဝင်း | နှင့် | ဦးသိန်းလွင်
**တရားလို** | | **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း ၁၂၀ ၊ ၇၄x၇၅ လမ်းကြား၊ ငွေတော်ကျီကုန်းရပ်ကွက်နေ ဦးသိန်းလွင် (ဘ)ဦးပါ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးသိန်းလွင် သင့်အပေါ်၌ တရားလို ဦးညွန့်ဝင်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၇ ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင်အထက်အမည်ပါသူ. တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၉)လမ်း၊ မြေကွက်အမှတ် (B ၁၅၄) ဟုခေါ်တွင်သော ဦးကျော်ညွန့်/ဒေါ်မြကြည် အမည်ပေါက် အလျားxအနံပေ(၄၀x၆၀) အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် ယင်းတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်မြင့်မြင့်စန်း (ဘ)ဦးစံတင် ၁၂/သကတ(နိုင်)၀၆၇၈၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်မြတ်ထွေး(ဘ)ဦးသန်းလှိုင် ၁၂/တမန(နိုင်) ၁၃၁၅၅၃ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဇာနည် (LL.B., D.B.L)** | **ဒေါ်နှင်းနှင်းထွေး (LL.B)(စဉ်–၂၄၉၆၈)**
**(စဉ် – ၁၄၆၆၈)** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** | **(စဉ် – ၅၀၈၅၄)**
**အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း–၀၉–၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၇)ရပ်ကွက်၊ ကောလင်းလမ်း၊ အမှတ်(၁၂၄၆)ဟုခေါ်တွင်သော အလျား ပေ ၄၀xအနံပေ ၈၀ အား ဦးသန့်စင်အောင် ၇/ရကန(နိုင်)၀၃၉၄၁၇ အမည်ပေါက်ပါမစ်မူရင်းနှင့်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူကာလက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသူ ဦးဝင်းတင် ၈/ပခက(နိုင်)၀၇၆၂၈၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေကျော်ဖြိုး ၈/ပခက(နိုင်) ၁၄၂၈၄၇ က အလျားပေ၂၀xအနံပေ၈၀အား ဝယ်ယူရန် တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါခြံမြေအား အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝေကျော်ဖြိုး** | **ဒေါ်စုစုခိုင်(စဉ်–၅၃၉၁၈)**
**၈/ပခက(နိုင်)၁၄၂၈၄၇** | **အထက်တန်းရှေ့နေ**
| **အမှတ်(၄၅)၊ အပိုင်(၁၃)၊ သဇင်လမ်း၊**
| **ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
| **ရန်ကုန်တိုင်းဒေသကြီး**

## HHE INSPECTION CENTER LIMITED

## ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် အကြောင်းကြားစာ ကြေညာချက်

## လူမွဲခံယူခြင်းဆိုင်ရာဥပဒေ(၂၀၁)၊ နည်းဥပဒေ(၈၇)

## ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

| | |
|---|---|
| ကုမ္ပဏီအမည် | HHE INSPECTION CENTER LIMITED |
| ကုမ္ပဏီ၏ ကုန်သွယ်မှု အမည် | HHE INSPECTION CENTER LIMITED |
| ကုမ္ပဏီ မှတ်ပုံတင် အမှတ် | 124475996 |
| ကုမ္ပဏီ မှတ်ပုံတင်လိပ်စာ | PLOT NO.232+235, LAND SURVEY NO.19/1., CORNER OF MAKHAYARMINTHARGYI ROAD AND KANAUNG ROAD, SHWE PAUK KAN INDUSTRIAL ZONE, NORTH OKALAPA TOWNSHIP, YANGON. |
| ကုမ္ပဏီအီးမေးလ် | alandon511@gmail.com |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအမည် | U MYO HEIN (MAIP–00074) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ရုံးခန်းလိပ်စာ | NO (13), B–1, FIRST FLOOR, LAKEKEN STREET, (7) QUARTER, PAZUNDAUNG TOWNSHIP, YANGON |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အီးမေးလ် | ceo@mesc.pro |
| ကြွေးမြီတောင်းခံရမည့် နောက်ဆုံးနေ့ | 25–7–2023 |

၂၀၂၃ခုနှစ် ဇွန်လ ၃၀ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ “HHE INSPECTION CENTER LIMITED” အား ၂၀၂၃ခုနှစ် ဇွန်လ ၃၀ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး ဦးမျိုးဟိန်း MAIP(00074)အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းအရေးအရာရှိသည် နည်းဥပဒေခွဲ ၈၇(က)အရ ထုတ်ဆင့်သည့်အကြောင်းကြားစာ မိတ္တူကို ၎င်းသိရှိသမျှသော ကုမ္ပဏီ၏မြီရှင်တစ်ဦးချင်းစီထံပေးပို့ပြီးဖြစ်ပြီး ကျန်ရှိသော ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို အထက်ဖော်ပြပါ ကြွေးမြီတောင်းခံရမည့် နောက်ဆုံးနေ့ရက် မတိုင်မီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ (၁)၏ ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏ အီးမေးလ် သို့ “ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှား တင်ပြရန်” ကြေညာအပ်ပါသည်။

နည်းဥပဒေခွဲ ၈၇(င)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားစာ ထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို ကုမ္ပဏီ၏ မြီရှင် တစ်ဦးဦးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းသည် အောက်ဖော်ပြပါအခွင့်အရေးများကို ရယူခံစားပိုင်ခွင့်မရှိစေရ–

(၁) ၎င်း၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို တင်သွင်းခြင်းမပြုမီက ပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်၊

**ဦးမျိုးဟိန်း**
**စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ**
**MAIP (00074) HHE INSPECTION CENTER LIMITED (ဖျက်သိမ်းဆဲ)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ်(၄)တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈စီ၁)၊ မြေကွက်အမှတ်(၁၅၀/အေ)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးခင်သိုက် ၁၂/စခန(နိုင်)၀၁၄၈၉၁၊ ဒေါ်တင်တင်ဥ(ခ)ဒေါ်တင်ဥ ၁၂/စခန(နိုင်)၀၁၆၂၆၅ မြေကွက်ဖြစ်ပါသည်။ ယင်းမြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်သိုက်သည် ၉–၈–၂၀၂၁ ရက်တွင် ကွယ်လွန်သဖြင့် ဦးခင်သိုက်၏အစုအား ဒေါ်တင်တင်ဥ(ခ)ဒေါ်တင်ဥ ၁၂/စခန(နိုင်)၀၁၆၂၆၅ မှ တစ်ဦးတည်းသော တရားဝင် ဇနီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ၂၃–၁၁–၂၀၂၂ ရက်၌ ကျိန်ဆိုသည့် ကျမ်းကျိန် လွှာအမှတ်(၅၁၂/၂၃–၁၁–၂၀၂၂)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၇/၉၄)ဟု ခေါ်တွင်သော မြေတိုင်းဌာန၏ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/ဦးကြီးခမ်းတောင်)၊ ဦးပိုင်အမှတ်(14/384)၊ ဧရိယာ ၀ ဒသမ ၀၉၀ ဧကရှိ အိမ်မြေဥပစာနှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးညီမောင်(NYHE–006452)က တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် (၁၆၇/၁၉၉၈–၁၉၉၉)ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခဲ့ရာမှ ဦးညီမောင်မှာ ၂၀၁၆ ခုနှစ်အတွင်းက ကွယ်လွန် သွားသည့်အတွက် ၎င်း၏သား/သမီးများကသာလျှင် အမွေဆက်ခံခွင့်ရှိသူ များဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီး ဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးညီညီဇော်(LL.B)** — **ဒေါ်အေးအေးသွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၈၇၀၅)** — **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၀၂၂၂)**
**အမှတ်(၃၁၂)၊ သီရိမင်္ဂလာအိမ်ရာ၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊**
**မြို့မရပ်ကွက်၊ တောင်ကြီးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူနှင်းအေး ၁၁/မဥန(နိုင်)၀၆၆၁၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာ အပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃/ ရန်ပြေ၊ လူနေရပ်ကွက်အမှတ်–၃၊ မြေကွက်အမှတ်–၆၈၃၊ (တစ်နည်းအားဖြင့်) သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ်–၁၆၊ အကျယ် (၄၀ပေx၆၀ပေ)ရှိသည့် နှစ်(၆၀)ဂရန်အမည်ပေါက် မြေနှင့်မြေပေါ်ရှိ အဆောက် အအုံသည်ဒေါ်သန်းသန်းဌေးအမည်ဖြင့်မှတ်သားတည်ရှိပြီး အပြီးအပိုင်ရောင်းချသူ ဒေါ်ခင်မာလွင် ၆/ကသန(နိုင်)၀၃၅၈၄၁ မှ စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင် လာကြောင်း၊ ၎င်းသာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော် ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ်ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သူ ဒေါ်ဖြူနှင်းအေးမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန် အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့် ဦးရဲမြင့်အောင်(LL.B) (စဥ်–၄၁၇၀၃/၂၀၁၃)**
**(LL.B) (စဥ်–၁၂၉၈၆/၂၀၁၇)** — **ဒေါ်တင်ဇာမျိုး(LL.B) (စဥ်–၄၅၂၆၅/၂၀၁၄)**
**(တရားလွှတ်တော်ရှေ့နေ)** — **ဒေါ်လှဲ့လှဲ့ဝင်းထူး(LL.B)(စဥ်–၄၉၉၀၄/၂၀၁၈)**
**(အထက်တန်းရှေ့နေများ)**
**အမှတ်–၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊၄/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၂၀၀၈၀၅၁၂၊ ၀၉–၇၃၁၆၇၈၁၅**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– အောင်ချမ်းသာတိုးချဲ့၊ လူနေရပ်ကွက်အမှတ်–အေးသစ္စာရပ်ကွက်၊ မြေကွက် အမှတ်(၉၆၄)၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိ ဒေါ်မကလေး အမည်ပေါက်ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ အပါအဝင်အိမ်နှင့်မြေ၏အကျိုးခံစားခွင့်အရပ်ရပ်ကိုအရပ် ကတိစာချုပ်အဆက် စပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နန်းကေသီ ၁၃/လရန(နိုင်)၀၇၈၅၈၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးနောင်နောင်ထွန်း ၁၀/မလမ(နိုင်)၂၁၅၀၉၇ က ရောင်းချသောတန်ဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်မျိုးထွန်း (LL.B )**
**အထက်တန်းရှေ့နေ(စဥ်–၃၂၄၄၆)**
**ရုံး၊ အမှတ် (၃၀)၊ (၂)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀– ၂၅၃၃၆၇၅၄၉**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ် ( ၁၀၉/ခ ) ၊ အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ ဦးဝင်းကိုကို အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်သီတာအေး (၇/တငန(နိုင်) ၁၀၄၆၆၀) ထံမှကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထိန်လင်းသန်း — ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.L, D.M.L, — LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ (စဥ်–၈၈၈၂) — တရားလွှတ်တော်ရှေ့နေ (စဥ်–၁၄၂၀၄)
အမှတ် (၇၂၅)၊ ပြည်သာယာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂၊ ဟိုင်ဆင်နူးဝါးလမ်း၊ မြေကွက် အမှတ်–၇၆၃/ခ၊ နှစ်(၆၀)ဂရန်မြေ ဦးသောင်းမြင့် ၁၂/သဃက(နိုင်)၀၇၇၁၃၆ အမည်ပေါက်၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်အစပ် အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဇေယျာမောင် ၅/မရန(နိုင်)၂၁၇၂၄၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ခိုင်ဆုဝေ (LL.B) (စဥ်–၅၃၃၆၉)** — **ဒေါ်မိုးမီမီခိုင် (LL.B)(စဥ်–၅၃၄၉၁)**
**အထက်တန်းရှေ့နေ** — **အထက်တန်းရှေ့နေ**
**အမှတ် – ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၅၀၀၂၈၁၀၄**

---

## ဖောင်းကြွပျောက်ဆုံးခြင်း

## လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/7268 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၀၈ ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ်(၄၁၀)မှထုတ်လုပ်မည့် ZMT အမှတ်တံဆိပ် သောက်ရေသန့်ဘူးအမျိုးမျိုးကို ရန်ကုန်တိုင်းဒေသကြီး အတွင်းတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန္တာလှိုင်**
**၁၄/ဘကလ(နိုင်)၁၉၅၈၃၉**
**ဖုန်း–၀၉–၄၅၅၄၁၆၁၄၀**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/1403 Toyota ALLION ZGT260, Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘေဘီအေး ၁၂/ဥကမ(နိုင်)၁၂၁၅၅၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းနှင့်ချင်းတွင်းလမ်းထောင့်၊ မြေတိုင်းအမှတ်(၂၉–A)၊ မြေကွက်အမှတ်(၅/၁)၊ မြေဧရိယာ ၀ ဒသမ ၄၇၆ ဧကရှိသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁၂) ထပ်တိုက် ပင်လုံထိပ်ထားစံအိမ် အမည်ရှိသော အခန်းအမှတ်(၉၀၃)(၉–လွှာ)၊ အကျယ် (၁၇၅၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်းအပါအဝင် ရေမီးအစုံ အလင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမြင့်ဦး (MMO–273444) ထံမှ ၂၀၀၃ ခုနှစ် ဇွန် ၁၇ ရက်ကတည်းက စာချုပ်စာတမ်းပြုလုပ်ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။သို့ဖြစ်ရာ အဆိုပါ ကွန်ဒိုတိုက်ခန်းအား စတင်ပြီး ဝယ်ယူခဲ့သည့်ရက်မှ ယနေ့ချိန်ထိ ကျွန်ုပ်မိတ်ဆွေ ဦးနေနေအောင် ၉/မမန(နိုင်)၀၇၆၆၇၁ တစ်ဦးတည်းသာ လက်ရှိ လက်ရောက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ၎င်း၏စီမံခန့်ခွဲမှု အောက်တွင်သာ တည်ရှိနေပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ–**
**ဦးနေနေအောင်**
**၉/မမန(နိုင်)၀၇၆၆၇၀**

**လွှဲအပ်ချက်အရ–**
**ဒေါ်အိအိခိုင်ဦး(LL.B)(DL–101(WIPO)(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၄၃၄၂)**
**မင်းရဲကျော်စွာလမ်း၊ ရပ်ကွက်ကြီး(၇)ပြင်ဦးလွင်မြို့၊**
**ဖုန်း ၀၉–၄၀၀၄၄၀၂၆၁**

---

## ဖောင်းကြွပျောက်

## လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/2505 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကော့သောင်း)**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက် အမှတ် (၅၇၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ ၂၄၀၀ စတုရန်းပေရှိ ဦးမြင့်လွင်၊ ဦးတင်ဝင်း၊ ဒေါ်နုနုကြည် အမည်ပေါက်နှစ်(၆၀) ဂရန်မြေ၏ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများကို အာမခံပေးအပ်၍ အာရှရန်ကုန် ဘဏ်လီမိတက်(တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)တွင် ချေးငွေရယူခဲ့ပြီး၊ ယခုအခါ ဘဏ်ကြွေးမြီများကို အပြီးအပြတ် ပြန်လည်ပေးဆပ်ပြီးဖြစ်၍ ဂရန်အမည်ပေါက်သူများ ကွယ်လွန်သွားသည့်အတွက် ၎င်းတို့၏ဆက်ခံသူများဖြစ်ကြသော ဒေါ်စန်းမြင့်၊ ဒေါ်သန်းအေး၊ ဦးအေးညွန့်တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်အေးအေးမော် ၁၂/ဥကမ(နိုင်)၀၅၅၇၃၈ မှ နှစ်(၆၀)ဂရန်မူရင်းနှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ပြန်လည်ထုတ်ယူခွင့်ပြုရန် အာရှရန်ကုန် ဘဏ်လီမိတက် (တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံ တရားရုံးကျမ်းကျိန်လွှာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် အထောက်အထားများ တင်ပြလျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ယနေ့ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံအထောက် အထားများ တင်ပြကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းစုမွန် (B.Com, C.P.A,D.B.L,ACCA)**
**(Member of Myanmar Association of Insolvency Practitioners Inc.)**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း**
**(တရားဝင်တည်ထောင်ထားသော)၏ အဖွဲ့ဝင်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အာရှရန်ကုန်ဘဏ်လီမိတက် (တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**
**အမှတ် (၃၁၉/၃၂၁)၊ မဟာဗန္ဓုလလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း – ၀၉–၅၀၉၄၀၄၉**

## ဦးသန်းမြင့်
### B.Sc(Phy)ဗဟို သုတေသန(ငြိမ်း)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊နှင်းဆီလမ်း၊ ပါရမီရိပ်သာ၊ အမှတ် 12/Dနေ (ဦးမောင်မောင်-ဒေါ်ဆုံ) တို့ ၏သားကြီး၊ (ဒေါ်ခင်ရီ-ဦးအေးသိန်း)၊(ဦးလှမော်-ဒေါ်နီလာလူ)၊(ဦးသိန်းအောင်)-ဒေါ်တင်တင်အေး၊ (ဒေါ်ခင်လတ်)၊ (ဦးသန်းထွန်း)တို့၏အစ်ကိုကြီး၊ ဒေါ်လွင်လွင်သိန်း (ဗဟိုသုတေသန)(ငြိမ်း) ၏ချစ်လှစွာသောခင်ပွန်း၊ CAPTAINဦးခင်ဇော်- ဒေါ်ဖြူတီအေးမောင်၊ ဒေါ်မြစန္ဒာ-ဦးသူရဝေခိုင်(ကိုချစ်) ဒေါ်မြသော်တာတို့၏ မွေးသဖခင်၊ ကိုထက်အောင်ခင်ဇော်-မနှင်းလဲ့ဝင်း၊ ကိုကျော်ဇောခင်ဇော်-မသီရိဆုဝေ၊ မသက်မှူးဝေခိုင်(စနိုး)တို့၏ ချစ်လှစွာသော အဘိုးသည် ၅-၇-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၃ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးတင်စိုး
### တပ်ကြပ်ကြီး(ငြိမ်း)၊ တပ်မတော်(လေ)
### မြန်မာ့လက်ရွေးစင် ပစ္စတိုအားကစားသမားဟောင်း၊ အရှေ့တောင်အာရှရွှေတံဆိပ်ဆုရှင်
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ (၃/၁၀)နေ (ဦးသောင်း-ဒေါ်သိန်းညွန့်)တို့၏သား၊ ဒေါ်ကြည်ဝိုင်း၏ခင်ပွန်း၊ ဦးမိုးတင်-ဒေါ်ခင်စိုးဝင်း(မြန်မာ့သေနတ်ပစ်လက်ရွေးစင်ဟောင်း) (EME)၊ ဦးဝင်းဇော်လင်း-ဒေါ်တင်စိုးဝင်း (Everlast Marine Engineering)၊ ဒေါ်စိုးစိုးဝင်း၊ (ဦးအောင်သန့်)၊ ဦးအောင်အောင်-ဒေါ်မီးမီးတို့၏ဖခင်၊ မောင်ချမ်းမြေ့အောင်ဝင်း-မအေးသီတာဝင်း၊ မောင်ဌေးသူရ(ခေတ္တစင်ကာပူ)-မအေးစန္ဒာဝင်း၊ မနှင်း ပြည့်စုံဝင်း(EME)၊ မမိုးပြည့်စုံတို့၏အဘိုး၊ မောင်မင်းသုခ၊ မရွှေပိုးဦ၊ မောင်ရွှေသွေးတို့၏အဘေးသည် ၅-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၇-၂၀၂၃ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ခွာပါမည်။) နှင့် ၁၁-၇-၂၀၂၃ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသဖြင့် နေအိမ်သို့ ရေစက်ချတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အမည်ပြောင်း

ကန်ကြီးထောင့်မြို့နယ်၊ ဒါးက အထက Grade-10(A) မှ ဦးသိန်းထွဋ်တင်၏သမီး မထားကြည်စင်အား မမြတ်သဥ္ဇာနွယ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်သဥ္ဇာနွယ်**

---

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ ရွာတန်း အထက Grade-11 မှ မဇင်မာစိုး၏ ဖခင် ဦးကျော်မင်း၏ အမည်မှန်မှာ ဦးအောင်ကျော်မင်း ၉/ရမသ(နိုင်) ၁၂၃၉၇၅ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်မင်း**

---

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမ
## ဒေါ်မူမူမြင့်(ခ)ဒေါ်ခင်သန်းမြင့်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ် ၉၅၊ ပထမထပ်နေ(ဦးမောင်ဟန်-ဒေါ်နှင်းညွန့်)တို့၏သမီး၊ (ဦးရွှေလင်း-ဒေါ်စောဥ)တို့၏ချွေးမ၊ (အဆိုတော် ဦးသန်းလှိုင်-ဂီတသုတေသနမှူး(ငြိမ်း)၏ဇနီး၊ (ဦးဝင်းဦးလှိုင်)-ဒေါ်နီနီကျော်၊ ဦးဝင်းမြင့်လှိုင်-ဒေါ်အေးအေးမြင့်တို့၏ မိခင်၊ မောင်စည်သူလှိုင်၊ မမေရတနာလှိုင်၊ မောင်လှိုင်ပြည့်ဖြိုး၊ မထက်ထက်သန်းလှိုင်တို့၏အဘွား၊ မမဒီလှိုင်၏ ဘွားဘွားကြီးသည် ၆-၇-၂၀၂၃ ရက်နေ့ နံနက် ၉:၁၀ နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြား အပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၁၂-၇-၂၀၂၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/ဥက္ကံ၊ ဦးပိုင်အမှတ် (၄ᵃ)၊ ဧရိယာ(၀.၁၂၄)ကေရှိ ဦးမောင်သန်း(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်သန်းသန်းရီ ၁၂/မဘန(နိုင်)၀၀၉၇၄၇(ပါ)၆-ဦးနှင့်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၁၂/၂၀၂၃၊ ၁၁၉/၂၀၂၃၊ ၄၆၃၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသီဟအောင် ၁၂/တမန(နိုင်)၁၂၅၀၉၈မှ အရောင်းအဝယ်စာချုပ်(၁၇၀/၁၉၉၆)(မိတ္တူမှန်)၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/41002 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချောစုလှိုင် ၇/ပခန(နိုင်)၃၂၈၅၂၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/90207 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော် ၇/ကဝန(နိုင်)၀၀၀၇၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4W/37631, Jialing ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လှိုင်ထွန်း ၉/မဟမ(နိုင်)၀၁၁၇၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/55873, Zong Shen-110, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်စိုး
### အသက် (၈၇)နှစ်
### မြန်မာ့လက်ရွေးစင် ပစ္စတိုအားကစားသမားဟောင်း
### အရှေ့တောင်အာရှ ရွှေတံဆိပ်ဆုရှင်

မြန်မာ့လက်ရွေးစင်ပစ္စတိုအားကစားသမားဟောင်း၊အရှေ့တောင်အာရှရွှေတံဆိပ်ဆုရှင်ဖြစ်သူ တပ်ကြပ်ကြီးတင်စိုး(ငြိမ်း)၊ တပ်မတော်(လေ)သည် ၅-၇-၂၀၂၃ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀:၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်များနှင့်ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်မင်း
### လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)
### လမ်းဦးစီးဌာန၊ သထုံခရိုင်
### အသက်(၄၃)နှစ်

မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မင်းသည် ၂၉-၆-၂၀၂၃ ရက် (ကြာသပတေးနေ့)တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ၊**
**တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**နေပြည်တော်**

---

### မိခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အလက(ခွဲ) လက်ပံကုန်း Grade-8မှ မမေမြတ်သူ၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးလွင် ၁၄/ အမန(နိုင်)၁၉၀၁၅၂ ဖြစ်ပါကြောင်း။

---

### ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အလက(ခွဲ) လက်ပံကုန်း Grade-8မှ မမေမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုဝင်း ၁၄/ အမန(နိုင်) ၁၃၀၅၉၆ ဖြစ်ပါကြောင်း။

---

### ဖခင်အမည်မှန်

မင်းဘူးမြို့၊ အမှတ်(၁) အထကကျောင်း Grade-10 မှ မချောပြည့်ရတနာ၏ဖခင် ဦးဘိုကြည်နိုင်၏ အမည်မှန်မှာ ဦးကြည်နိုင် ၈/ မဘန(နိုင်) ၀၇၂၈၁၉ ဖြစ်ပါကြောင်း။

**ဦးကြည်နိုင်**

---

### ဖခင်အမည်မှန်

နေပြည်တော် CAEကိုယ်ပိုင် အထက်တန်းကျောင်း ဆဋ္ဌမတန်းမှမောင်ကောင်းဆက်ဟိဏ်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်စိုး ၉/ မသန(နိုင်) ၀၈၀၆၁၅ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်စိုး**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်မောင်အောင်(ကိုယ်ပိုင်အမှတ် ၇၂၂၆၄၁) ၃/လဆန(နိုင်)၀၀၄၄၈၀ (ဘ)ဦးမြင့်ကြည် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၁၂၆၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင် အမွေခံဇနီး ဖြစ်သူ ဒေါ်သင်းသင်းမိုး ၈/သရန (နိုင်)၀၅၁၃၀၃ (ဘ)ဦးစိုးဝင်း မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်မောင်အောင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဒေါ်ခင်အေးကြူ
### B.Sc (Bot) B.Ed
### မြို့နယ်ပညာရေးမှူး(အငြိမ်းစား) ကြို့ပင်ကောက်မြို့
### အထက်တန်းပြ(ငြိမ်း)၊ အ.ထ.က၊ မြန်အောင်မြို့
### အထက်တန်းပြ(ငြိမ်း)၊ အ.ထ.က(၁)၊ ဟင်္သာတမြို့
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အ.ထ.က၊ လေးမျက်နှာမြို့
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အ.ထ.က၊ ပျဉ်းမကုန်း
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အ.ထ.က၊ နတ်မော်
### အသက် (၈၁)နှစ်

ဟင်္သာတမြို့၊ လက်သမားရပ်ကွက်၊ ဦးပါရဲတာကြီးတန်း၊အိမ်အမှတ်(၂၂၉)နေ (အငြိမ်းစားရဲဝန်ထောက် ဦးသန်းမောင်-ဒေါ်သိန်းရင်)တို့၏ချစ်လှစွာသောသမီးကြီး (အငြိမ်းစားပြည်နယ်တိုင်းတရားသူကြီး ဦးသန့်ဇင်-ဒေါ်တင်မမ)တို့၏ ချစ်လှစွာသောညီမ၊ (ဒေါ်တင်တင်သန်း) အ.ထ.ပြ(ငြိမ်း) အ.ထ.က(၃) ဟင်္သာတ၊ ဒေါက်တာကျော်ဝင်း-ဒေါက်တာ တင်တင်သောင်း(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ရုက္ခဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဒေါက်တာခင်ခင်စန်း(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ရုက္ခဗေဒဌာန၊ ဟင်္သာတတက္ကသိုလ်)၊ ဦးမျိုးအောင်(ဦးစီးအရာရှိ-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန) - ဒေါ်မြင့်မြင့်ဇော် (ကထိက-ငြိမ်း၊ တပ်မတော်ဆေးတက္ကသိုလ်-ရန်ကုန်)တို့၏ ချစ်လှစွာသောအစ်မကြီး ဒေါ်ခင်အေးကြူ သည် ဟင်္သာတမြို့၊ ရွှေလမင်း အထူးကုဆေးရုံကြီး၌ ၅-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပြီဖြစ်ပါသဖြင့် ၇-၇-၂၀၂၃ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ဟင်္သာတမြို့၊ တင်းတိုးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်( ၃၁ )၊ ဇေယျာသီရိ(၅)လမ်း၊ မြေကွက်အမှတ် (၅၉၅) ဦးသောင်းညွန့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မြေကွက်အမှတ်(၅၉၂)နှင့်ကပ်လျက်ရှိသည့် အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးအောင်စိန်ဝေ(၁၂/ သဃက(နိုင်)၀၀၆၉၁၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဦးဇော်ထွန်းအောင် (၁၂/ ရကန(နိုင်)၀၁၄၇၇၅)က ဝယ်ယူရန်အတွက်စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L, D.I.P.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

---

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/5727၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၂BS၊ ဦးပိုင်အမှတ်-၂၀၊ မြေမျိုးနှင့်အတန်း-အိမ်ရာ၊ ဧရိယာ(၀.၀၅၀)ကေရှိ ဘိုးဘပိုင်မြေ ကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၁)ထပ်တိုက်နေအိမ်တစ်ဆောင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ(ဝန်ခံပြောဆိုသူ)ဦးလှိုင်သူရ ၆/မအရ(နိုင်)၀၈၃၄၁၁ က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝင်း၊ ဒေါ်ခင်ဝင်းကြည်တို့ကလည်းဝယ်ယူရန်အတွက် အဆိုပါမြေကွက်နှင့်နေအိမ်တို့၏ ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အင်ကြူ(စဉ်-၁၄၂၄၂/၂၀၁၈) တရားလွှတ်တော်ရှေ့နေ**
**ပုလဲ(၃)လမ်း၊ ဘုတ်ချောင်းရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး**

---

### ပြင်ဆင်ဖတ်ရှုပေးပါရန်

၆-၇-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းစာပါ စာမျက်နှာ(၃၁)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်လတ်၏ အများသိစေရန် အသိပေးကြေညာခြင်းတွင် ဦးမင်းကိုဦး၏ ယာဉ်အမှတ် 6R/8973 အစား **6Q/8973** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၈၃၀၂၃၊ Honda Click 150,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နဒီဦး ၆/ထဝန(နိုင်)၁၇၅၈၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ **အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်...**

❖ **မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကိုအလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်...**

❖ **အားကစားသမားကောင်းတစ်ယောက်၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင် ကြာတင့် ဆိုသကဲ့သို့ ၎င်း၏ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသားဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပသော ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

(၅-၇-၂၀၂၃)

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

နေပြည်တော် ဇူလိုင် ၆

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖



## MNL ပြိုင်ပွဲတွင် ရတနာပုံနှင့် မြဝတီအသင်း တစ်ဂိုးစီသရေကျ

နေပြည်တော် ဇူလိုင် ၆

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) နောက်ဆုံးနေ့ကို ဇူလိုင် ၆ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရတနာပုံအသင်းနှင့် မြဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။

နှစ်သင်းစလုံး နိုင်ပွဲရရှိရေးအတွက် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းသွင်းဂိုးများဖြင့် သရေကျခဲ့သည်။ မြဝတီအသင်းသည် ပွဲပြီးခါနီးအထိ ဦးဆောင်နိုင်ခဲ့သော်လည်း ၈၉ မိနစ်တွင် ပေးလိုက်ရသည့်ချေပဂိုးကြောင့် သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း ပထမပိုင်းတွင် ရတနာပုံအသင်းက ဂိုးသွင်းခွင့် ပိုမိုရရှိခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍



ရတနာပုံအသင်းနှင့် မြဝတီအသင်း ယှဉ်ပြိုင်ကစားစဉ်။

ယနေ့ သတင်းအညွှန်း

**ဩဂုတ်လအတွင်း အာကာသစခန်းသို့ လူလိုက်ပါသည့် ခရီးစဉ်စေလွှတ်ရန် နာဆာနှင့် SpaceX တို့စီစဉ်**

နိုင်ငံတကာသတင်း စာ ၁၃

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၆